# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၅)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ ၄-၁၂-၂၀၂၄၊ ဗုဒ္ဓဟူးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# စီးပွားရေးနှင့်ပတ်သက်၍ အသား၊ ငါးနှင့် အခြေခံစားကုန် ကုန်ဈေးနှုန်းများ ကြီးမြင့်လာမှုများ ဖြစ်ပေါ်လျက်ရှိ အခြေခံစားကုန်များနှင့် ပတ်သက်၍ သင့်တင့်လျောက်ပတ်သည့် အမြတ်ကိုသာတင်၍ ရောင်းချသွားရန်လို

## အမြတ်ငွေနည်းနည်းနှင့် ပမာဏများများ ရောင်းချနိုင်ခြင်းဖြင့် ပြည်သူလူထု သက်သာချောင်ချိမှုရှိအောင် ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၃

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်း အဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြ ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီး ချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆

**အများအားဖြင့် သာယာမည်**

နေပြည်တော် ဒီဇင်ဘာ ၃

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေးနေ့စဉ်

## သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများကျင်းပပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၂၀၂၅ ခုနှစ်တွင် ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းကြောင်း၊ သစ်အခြေခံစက်မှုလုပ်ငန်း များအတွက် ကုန်ကြမ်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိကြောင်း၊ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်သစ်များရှာဖွေခြင်း၊ ဒေသတွင်းနိုင်ငံများ၏ ပြည်ပတင်ပို့မှု၊ တင်သွင်းမှုအခြေအနေများကိုလေ့လာပြီး ကြိုးစားဆောင်ရွက်သွားရန် လိုကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည့်အလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သစ်အခြေခံပုဂ္ဂလိကကဏ္ဍ၏ ပြည်ပဝင်ငွေမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၄ သန်းကျော်ရရှိခဲ့ပြီး ယခုထက်ပို၍ရရှိအောင် လုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ဌာနအပိုင်းကလည်း လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော သစ်၊ ဝါး၊ ကြိမ်အချောထည်များကို နည်းပညာအသုံးပြု၍ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ပါက အလုပ်အကိုင်အခွင့်အရေးများ ပိုမိုရရှိစေမည့်အပြင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်သည့်အတွက် သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်ဌာနနှင့်လုပ်ငန်းရှင်များပေါင်းစပ်၍ ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသူများက သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်း၊ ခုတ်လှဲထုတ်လုပ်ရောင်းချခြင်း၊ သစ်၊ ဝါး၊ ကြိမ် အချောထည်များနှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ပြည်ပတင်ပို့ခြင်း ကိစ္စရပ်များကို တင်ပြကြသည်။

စိုက်ခင်းကဏ္ဍမှ ကုန်ကြမ်းစဉ်ဆက်မပြတ်ရရှိရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၂၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းတို့၏ (၂၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို နတ်တော်လဆန်း ၁ ရက်နေ့ နံနက် ၄ နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ကြက်ဥပြုတ်ဟင်း၊ ငါးလေးခြောက်ကြော်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့်သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး ဦးမျိုးဝင်း+ဒေါ်အိအိချော မိသားစုက သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီနှင့် သင်္ကန်း ဒို့စုံ ငါးစုံ၊ နဝကမ္မဝတ္ထုငွေကျပ် ၅၀၀၀၀ တို့ကို စာရေးတံမဲဖောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့်ဇနီး ဒေါ်ယုယုဇော် မိသားစု၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၄ဝ)**

၀-၀-၀-၀-၀





## (၁၉၆)ကြိမ်မြောက် ဆွမ်းကပ်နှင့် ဆွမ်းလောင်းလှူပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက် ၈၀၆၊ မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာ အရုဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏(၁၉၆) ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၅နာရီခွဲက လမ်း၆၀နှင့် ၂၈(B) လမ်းထောင့်ရှိ အဆိုပါ အသင်းရုံးရှေ့၌ ကျင်းပရာလေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက အရုဏ်ဆွမ်းကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လောင်းလှူခဲ့ကြသည်။

(၁၉၆)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် ဆရာမကြီး ဒေါ်နှင်းနှင်းမော်(ညီမ) ဆရာမကြီးဒေါ်နုနုရီ(CAE) ပညာရေးမိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင် ၂၆လမ်း)မိသားစု၊ ဒေါ်မမ(ပတ္တမြားသုခ)မိသားစု၊ တိုးတက်ကုန်မာဆိုင်နှင့် အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး(သွားနှင့် ခံတွင်းဆေးခန်း)မိသားစု၊ ရှမ်းဌာနေ စားသောက်ဆိုင်မိသားစု၊ဖခင်ကြီးဦးကိုးအောင်+မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အားရည်စူး၍ မသီတာအောင်နှင့်သားတပည့်များ၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်ကဖေး)မိသားစု၊ ကိုထိုက်+မမီးမီး(ရွှေတုံမဏီစံရိပ်ငြိမ်) မိသားစု၊ ဒေါ်နန်းခွန်မိသားစုတို့က မတည်လှူဒါန်းခဲ့ကြသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၁)**

၀-၀-၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၁၅)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များထောက်ပံ့

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၅)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနတွင် ပြုလုပ်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၅)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ မုန်ညင်း(၄၀၀)စည်း၊ ခရမ်းသီး(၁၆၀)ထုပ်၊ ငွေနှင်းမှို(၃၅၀)ထုပ်တို့ကို စီမံရေးရာဌာန လက်အောက်ရှိ အောင်မြေသာစံမြို့နယ် အုပ်ချုပ်ရေးမှူးရုံး ရှိ ဝန်ထမ်း(၅၄)ဦး၊ ချမ်းအေးသာစံမြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှိ ဝန်ထမ်း(၅၁)ဦး၊ မဟာအောင်မြေမြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ဝန်ထမ်း(၅၁)ဦး၊ ချမ်းမြသာစည်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ဝန်ထမ်း(၄၈)ဦး၊ ပြည်ကြီးတံခွန်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှိဝန်ထမ်း (၅၅) ဦး၊ အမရပူရမြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိဝန်ထမ်း(၅၁)ဦး၊ စည်ပင်သာယာရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနမှ ဝန်ထမ်း(၄၅)ဦးတို့ အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးဦးတင်စိုးနှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက် နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန် အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင် စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ် စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ ရှေ့ဖုံးမှ

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည် နိုင်ငံတော်၏ ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များဖြစ်ကြောင်း၊ ဦးတည်ချက်(၉) ရပ်သည် နိုင်ငံတော်၏မူဝါဒများ ဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်အနှစ်ချုပ်ပင် ဖြစ်ကြောင်း၊ အစိုးရဝန်ကြီးဌာနများအလိုက် တိုက်ရိုက် ဆောင်ရွက်ရခြင်းများရှိသကဲ့သို့ နိုင်ငံတော်က တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း များလည်းရှိကြောင်း၊ ဥပမာအားဖြင့် နိုင်ငံရေး ဦးတည်ချက်ဖြစ်သည့် **“ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး”** ဆိုသည့် အချက်နှင့်ပတ်သက်၍ ၎င်းအပေါ်အခြေခံ၍ မိမိတို့ လုပ်ဆောင်နေသည့်လုပ်ငန်းများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် ကိုသွားသည့် လုပ်ဆောင်ချက်မျိုးဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးသည်လည်း အလားတူပင်ဖြစ်ကြောင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့် များကို အဆင့်ဆင့်ခွဲဝေပေးထားပြီးဖြစ်၍ မှန်မှန် ကန်ကန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေး ရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ပေးမှုဆောင်ရွက်ခြင်းထက် လုပ်သင့်လုပ်ထိုက် သည်များကို အကောင်အထည်ဖော် ဆောင်ရွက်သွား ကြရန်လိုကြောင်း။

အလားတူ **“တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး”** ဆိုသည့်အချက်တွင် ပြည်ထောင်စုအစိုးရအနေဖြင့် ဆောင်ရွက်ရခြင်း ရှိသကဲ့သို့ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရခြင်း များလည်းရှိကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး များမှ လုပ်ဆောင်ရသည်များလည်းရှိကြောင်း၊ ဌာနဆိုင်ရာအသီးသီးမှ ဆောင်ရွက်ရသည်များ လည်းရှိကြောင်း၊ ထိုသို့အဆင့်ဆင့်ဆောင်ရွက်သွား မည်ဆိုပါက ငြိမ်းချမ်းရေးနှင့်ပတ်သက်သော နိုင်ငံရေး ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ပိုမိုထိရောက်မည်ဖြစ်ကြောင်း၊ ၎င်းတို့မှာ ဥပမာများသာဖြစ်ကြောင်း၊ ဦးတည်ချက်များကို ချမှတ်ရာတွင် တစ်ချက်ချင်းစီအလိုက် သက်ဆိုင်ရာ ဖော်ပြချက်များအားလုံးသည် အဓိပ္ပာယ်ရှိပြီးဖြစ် ကြောင်း၊ အဆိုပါအချက်များကို မိမိတို့ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများအောင်မြင်မှု ရှိ/မရှိ ပြန်လည်သုံးသပ် ဆောင်ရွက်ကြရန်လိုကြောင်း။

**မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းရပ်များကို အားသွန်ခွန်စိုက် အောင်မြင်အောင် ဆောင်ရွက်ကြစေလို**

အစိုးရတစ်ရပ်ဟူသည်မှာ တာဝန်ထမ်းဆောင် ရာတွင် အချိန်ကာလအရ ကန့်သတ်မှုများရှိကြောင်း၊ ထို့ကြောင့်ရရှိသည့်အချိန်ကာလအတွင်း ထမ်းဆောင် ရမည့် နိုင်ငံ့တာဝန်များကို အောင်မြင်အောင်ဆောင် ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တာဝန် ယူဆောင်ရွက်ချိန်တွင် ကိုဗစ် - ၁၉ ဖြစ်ပွားမှုနှင့် နိုင်ငံရေး အကြပ်အတည်းများကို ရင်ဆိုင်ကျော်လွှားခဲ့ ရကြောင်း၊ အဆိုပါအချိန်တွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများမှသင်ခန်းစာရယူ၍ တိုးတက်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ပတ်သက်၍ တိုးတက်မှုနည်းပါးနေသေးသည်ကို တွေ့ရကြောင်း၊ ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုများဖြင့် ကျေနပ်နေ၍မရဘဲ လက်တွေ့ မြေပြင်၌လည်း အမှန်တကယ်တိုးတက်အောင်မြင် မှုရှိရန်လိုကြောင်း၊ ကိန်းဂဏန်း အချက်အလက်များ မှန်ကန်မှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲရာတွင် မှားယွင်းမှုများဖြစ်ပေါ် စေနိုင်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စီးပွားရေးရာဝန်ကြီးများနှင့် စီမံကိန်းရေးဆွဲရေးဌာန များအနေဖြင့် စီမံကိန်းများရေးဆွဲရာတွင် လက်တွေ့ ကျသည့်စီမံကိန်းနှင့် ပြည်သူကို အမှန်တကယ်အကျိုး ပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျ အသေးစိတ်တွက်ချက် ရေးဆွဲရန်လိုကြောင်း၊ မြေပြင် အခြေအနေမှန်များကို လေ့လာသုံးသပ်ပြီးမှသာ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့ဘဏ္ဍာငွေများကို သုံးစွဲရာတွင်လည်း လက်တွေ့အကျိုးပြုစေနိုင်မည့် နေရာများ၌သာ သုံးစွဲသွားရန်လိုကြောင်း။

**ကုန်စျေးနှုန်းများကျဆင်းရေးအတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်**

စီးပွားရေးနှင့်ပတ်သက်၍ အသား၊ ငါးနှင့် အခြေခံစားကုန် ကုန်စျေးနှုန်းများ ကြီးမြင့်လာမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကုန်ထုတ် လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် ပြည်သူများ၏ အခြေခံစားကုန်များနှင့်ပတ်သက်၍ သင့်တင့် လျောက်ပတ်သည့် အမြတ်ကိုသာတင်၍ ရောင်းချ သွားရန်လိုကြောင်း၊ ပြည်သူများအား ရောင်းချရာ တွင် အမြတ်ငွေနည်းနည်းနှင့် ပမာဏများများ ရောင်းချနိုင်ခြင်းဖြင့် ပြည်သူလူထု သက်သာချောင်ချိ မှုရှိအောင် ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

ကုန်စျေးနှုန်းကြီးမြင့်မှုများအပေါ် ပြည်ထောင်စု အဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ များအနေဖြင့် စနစ်တကျစိစစ် ကြပ်မတ်ဆောင်ရွက် ကြရန်လိုကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ကုန်စျေး နှုန်းများဖြစ်စေရေး စေတနာထား၍ အပင်ပန်းခံ ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံအတွင်း ဝင်ငွေ နှင့် ထွက်ငွေကိုလည်း မျှတအောင် ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို မဖြစ် မနေ တိုးမြှင့်ဆောင်ရွက်၍ ပြည်ပသို့တင်ပို့ရောင်းချ နိုင်ရန်လိုကြောင်း၊ လက်ရှိတင်ပို့နေသည်ထက် နှစ်ဆ ခန့် ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှု ကို ယခုထက် တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အလုပ်အကိုင်များဖန်တီးပေးခြင်းနှင့် ကုန်ထုတ် လုပ်ငန်းများအပေါ် incentive များပေးရန်လိုကြောင်း၊ အလုပ်အကိုင်များဖန်တီးရာတွင် လိုအပ်သည့် သွင်းအားစုများကိုလည်း လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု နှင့်ပတ်သက်၍ ထုတ်လုပ်မှုကို မဖြစ်မနေတိုးမြှင့် ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး **“မှတစ်ပါး အခြားမရှိ”**ကြောင်း၊ ထုတ်လုပ်မှုများဆောင်ရွက်ရာ တွင် ဈေးကွက်ရှိပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများဖြစ်ရန်လိုကြောင်း၊ ကုန်ပစ္စည်းချင်း တူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေး ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ယင်းအချက် နှစ်ချက်ဖြင့် ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီး ဌာနများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

**အချက်အလက်များ မှန်ကန်မှုရှိရန်လိုအပ်မှု**

ကိန်းဂဏန်းအချက်အလက်များ ခိုင်မာမှန်ကန် ရေးနှင့်ပတ်သက်၍လည်း ထပ်မံပြောကြားလိုကြောင်း၊ ဥပမာအနေဖြင့် မိမိတို့နိုင်ငံတွင် ဝါများပိုလျှံမှုရှိသည် ဟု ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပြီး ပြည်ပသို့တင်ပို့ထားသည့် ကိန်းဂဏန်း အချက် အလက်နှင့် အမှန်တကယ်တင်ပို့ထားသည့် အချက် အလက်များ ကွဲလွဲနေသည်ကို တွေ့မြင်ရကြောင်း၊ ဆန်နှင့်ပတ်သက်၍လည်း နှစ်စဉ်ပိုလျှံမှုများရှိကြောင်း၊ သို့သော် ပိုလျှံသည့်ဆန်နှင့် ပြည်ပသို့တင်ပို့သည့် ဆန်ပမာဏ ကွာခြားနေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်မှတင်ပြသည့် အချက်အလက်များ ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ စိစစ်ရခြင်းဖြစ်ပြီး ကိန်းဂဏန်းအချက်အလက်များအရ လွဲမှားမှု မဖြစ် ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြေပြင်ထွက်ရှိသည့်အထွက်နှုန်းများနှင့် အစိုးရတာဝန် ရှိသူများထံသို့တင်ပြသည့်အချက်အလက်များ ကိုက်ညီ မှုရှိရန်နှင့် မြေပြင်အမှန်အတိုင်းဖြစ်ရန်လိုကြောင်း။

> ❖ **စိမ်းလန်းသာယာစိုပြည်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် Green Zone Area များ ဖော်ဆောင်သွားရန်လိုပြီး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိန်းသိမ်းကြပ်မတ်ရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ကြပ်မတ်မှုအားနည်းပါက နောင်အနာဂတ်တွင် သစ်တောသစ်ပင်ပြုန်းတီးမှုနှင့် ရာသီဥတု ဖောက်ပြန်မှုတို့ကို ကြုံတွေ့ရနိုင်မည်**

**Green Zone Area များ ဖော်ဆောင်ပြီး စိမ်းလန်းစိုပြည်သည့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ရေး**

စိမ်းလန်းသာယာစိုပြည်ရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Green Zone Area များ ဖော်ဆောင်သွားရန်လိုပြီး တာဝန်ရှိ သူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိန်းသိမ်းကြပ်မတ်ရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ကြပ်မတ်မှုအားနည်းပါက နောင်အနာဂတ်တွင် သစ်တောသစ်ပင်ပြုန်းတီးမှုနှင့် ရာသီဥတုဖောက်ပြန် မှုတို့ကို ကြုံတွေ့ရနိုင်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် မိုးရာသီ၌ သစ်ပင်စိုက်ပျိုးပွဲတော်များဆောင်ရွက်ခဲ့ ကြပြီး စိုက်ပျိုးခဲ့သည့်အပင်များ ဆက်လက်ရှင်သန် ဖြစ်ထွန်းစေရေးအတွက်လည်း ဆောင်ရွက်သွားကြ ရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရက အချိန်၊ ငွေကြေး နှင့်လုပ်အားအရင်းအနှီးများ များစွာကုန်ကျခံပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက် ခဲ့ခြင်းဖြစ်သဖြင့် အောင်မြင်မှုရှိအောင် ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေး ဝဲယာများတွင်လည်း သစ်ပင်သစ်တောများ ရှင်သန်မှု ရှိအောင်စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက် သွားကြရန်လိုပြီး ဒေသအလိုက်၊ နယ်အလိုက် အနီး ကပ်ရှိသည့် အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေး ဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုကြပ်မတ်ဆောင် ရွက်ကြရန်လိုကြောင်း၊ လမ်းနယ်များ၊ မီးရထားလမ်း နယ်များနှင့်ပတ်သက်၍လည်း လမ်းမကြီးများ ဥပဒေ၊ မီးရထားလမ်းဥပဒေတို့နှင့်အညီ စနစ်တကျဖြစ်ရန် လိုကြောင်း၊ ခေတ်အဆက်ဆက်ထိန်းသိမ်းကြပ်မတ် မှုအားနည်းခဲ့၍ လမ်းနယ်များ၊ မီးရထားလမ်းနယ်များ နှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေ ရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

### ကုန်ထုတ်လုပ်မှုစွမ်းအားရှိသည့် နိုင်ငံဖြစ်စေရေး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လို

အလုပ်သမားရှားပါးမှုပြဿနာနှင့် ပတ်သက်၍ အချို့လုပ်ငန်းရှင်များ၏ တင်ပြချက်များအရသိရှိရကြောင်း၊ မိမိတို့နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများ၌ နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းခန့်သည် ပညာအရည်အချင်း အားနည်းကြကြောင်း၊ ၄၁ ရာခိုင်နှုန်းခန့်သည် လယ်ယာသစ်တောသားငါးကဏ္ဍတွင် လုပ်ကိုင်ကြသူများဖြစ်သဖြင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုမှ အလုပ်အကိုင်များဖော်ဆောင်ပေးနိုင်ရေး လက်ရှိအခြေအနေ၌ မဖြစ်မနေလိုအပ်လျက်ရှိကြောင်း၊ လူဦးရေသန်းပေါင်းများစွာရှိသည့် နိုင်ငံများအနေဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့်ပမာဏမှာ မသိသာသော်လည်း မိမိတို့ကဲ့သို့ လူဦးရေနည်းပါးသောနိုင်ငံအတွက်မူ လျော့သွားသည်မှာ သိသာကြောင်း၊ အလုပ်လုပ်ကိုင်မည့် စွမ်းအားများ လျော့နည်းသွားသည်ဖြစ်သဖြင့် ထိုက်တန်သည့် အလုပ်အကိုင်နှင့်လုပ်ခလစာများ ရရှိရေးကို ဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ သို့မှသာ ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်စွမ်းအားများ မြင့်တက်လာပြီး Supply နှင့် Demand မျှအောင် လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပို့ကုန်များတိုးတက်လာပြီး ဝင်ငွေတိုးတက်လာပါက ငွေကြေးဈေးနှုန်းများလည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း။

#### ပြည်တွင်းဆီစားသုံးမှုဖူလုံရေး

ဆီဖူလုံရေးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် ၂၀၂၁ ခုနှစ်ကတည်းကစ၍ ၄၁ ကြိမ်တိုင် တိုက်တွန်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ စီးပွားရေးဦးတည်ချက်တွင်လည်း "ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် **ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"** ကို ထည့်သွင်းချမှတ်ထားပြီး မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း၊ ဆီထွက်သီးနှံများနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို စနစ်တကျအဖြေရှာ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ နည်းလမ်းရှာ၍ လုပ်ဆောင်မည်ဆိုပါက ဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ လူသာလျှင်အရေးကြီးပြီး လူတို့၏စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုသည် အဓိကအရေးကြီးကြောင်း။

#### စီမံကိန်းအသစ်များဖော်ဆောင်ရာ၌ မူအားဖြင့် သဘောတူညီချက် ရယူဆောင်ရွက်ရန်လို

စီမံကိန်းအသစ်များ ဖော်ဆောင်မှုနှင့်ပတ်သက်၍လည်း အနည်းငယ်ပြောကြားလိုပြီး စီမံကိန်းအသစ်များဖော်ဆောင်ရာ၌ မူအားဖြင့် သဘောတူညီချက်ယူ ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းပြည်အတွက် အကျိုးရှိမည်ဆိုပါက ခွင့်ပြုပေးသွားမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ မိမိတို့တာဝန်ယူသည့် ကာလအတွင်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်မည့် စီမံကိန်းများကိုသာ ဆောင်ရွက်ကြစေလိုပြီး လုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်ရန်လည်း တာဝန်ယူရန် လိုကြောင်း။

စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုများ လုပ်ဆောင်ရသည့် ဝန်ကြီးဌာနများနှင့် ပတ်သက်၍လည်း အကျိုးအမြတ်ကို ဖော်ဆောင်ပေးနိုင်သည့်ဌာနများ ရှိသကဲ့သို့ အောင်မြင်မှုမရှိသည့် ဌာနများလည်း ရှိကြောင်း၊ နိုင်ငံအတွက်အကျိုးရှိမည့် လုပ်ငန်းများကို ဆက်လက်အားပေးရမည်ဖြစ်သကဲ့သို့ အကျိုးအမြတ် ဖော်ဆောင်ပေးနိုင်မှုမရှိသည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်၍ ရပ်တန့်သင့်က ရပ်တန့်သွားရန် လိုကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပါက အကျိုးရှိစေလိုပြီး စီးပွားရေးအရ တွက်ချက်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

> ❖ မိမိတို့နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများ၌ နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းခန့်သည် ပညာအရည်အချင်း အားနည်းကြကြောင်း၊ ၄၁ ရာခိုင်နှုန်းခန့်သည် လယ်ယာသစ်တောသားငါးကဏ္ဍတွင် လုပ်ကိုင်ကြသူများဖြစ်သဖြင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုမှ အလုပ်အကိုင်များဖော်ဆောင်ပေးနိုင်ရေး လက်ရှိအခြေအနေ၌ မဖြစ်မနေလိုအပ်လျက်ရှိ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

#### ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ တင်ပြချက်များအရ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များအား ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းများဖြင့် မည်ကဲ့သို့ရောင်းချပေးလျက်ရှိသည်၊ ဆန်ဖူလုံမှုမည်မျှရှိသည်တို့ကို ရာနှုန်းများဖြင့် တင်ပြကြသည်ကိုတွေ့ရကြောင်း၊ ဒေသအလိုက် ဝမ်းစာဖူလုံရေးနှင့် ပတ်သက်၍ အစိုးရကဆောင်ရွက်ပေးမှ မဟုတ်ဘဲ လူတိုင်းကလုပ်ဆောင်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖူလုံမှုများရှိနေသည် ဟုဆိုပါက အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်ရန် အကြောင်းမရှိကြောင်း၊ ထို့ကြောင့် အခြေခံစားကုန်ဖူလုံရေးကို အဓိကထားဆောင်ရွက်ကြရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်း အပြည့်အဝရရှိအောင်ဆောင်ရွက်ရန်၊ ယခုကျောင်းတက်နေသည့် ကျောင်းတက်နေသူအားလုံး စာမေးပွဲဖြေဆိုနိုင်ရေးနှင့် ကျောင်းများအန္တရာယ်ကင်းရှင်းစွာ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ မူလတန်းနှင့် အလယ်တန်းပြ ဆရာ ဆရာမများသည် လက်ဦးဆရာများဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝရန် လိုအပ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

> ❖ ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်း အပြည့်အဝရရှိအောင်ဆောင်ရွက်ရန်၊ ယခုကျောင်းတက်နေသည့် ကျောင်းတက်နေသူအားလုံး စာမေးပွဲဖြေဆိုနိုင်ရေးနှင့် ကျောင်းများအန္တရာယ်ကင်းရှင်းစွာ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ မူလတန်းနှင့် အလယ်တန်းပြ ဆရာ ဆရာမများသည် လက်ဦးဆရာများဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝရန် လိုအပ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်

စီးပွားရေးနှင့်ပတ်သက်၍ ဝါနှင့် ဝါးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝါးကုန်ကြမ်းများ ပေါများစွာရှိသည့်အတွက် ဝါးကို အခြေခံသည့် စက္ကူနှင့် ပျော့ဖတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက်လည်း အကျိုးရှိမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေသုံးစွဲမှုကိုသက်သာစေမည်ဖြစ်ကြောင်း၊ ရော်ဘာနှင့် ပတ်သက်၍လည်း ကုန်ကြမ်းသာမက ရော်ဘာကုန်ချောများထုတ်လုပ်ရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ကြက်သွန်စိုက်ပျိုးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် မိမိတို့နိုင်ငံ၏ အနီးပတ်ဝန်းကျင်တွင် ဈေးကွက်ရှိပြီးဖြစ်သဖြင့် ကြက်သွန်ကို တိုးချဲ့စိုက်ပျိုးပြီး ပြည်ပသို့တင်ပို့နိုင်ရေးဆောင်ရွက်စေလိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝကောက်ခံရရှိပြီး ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ပိုမိုအသုံးပြုနိုင်စေရန် ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မကြာမီကာလအတွင်း ကျင်းပပြုလုပ်မည့် အမျိုးသားအားကစားပွဲတော်ကို အနှစ်သာရရှိရှိကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားအမျိုးအစားများအလိုက် စံချိန်စံညွှန်းများ တိုးတက်ကောင်းမွန်အောင်လည်း ဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အလားတူ နံနက်ပိုင်းကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ပြည်ပသို့ဆန်တင်ပို့မှုမှ လစဉ် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိနေ

ပြည်ပသို့ဆန်တင်ပို့မှုမှ လစဉ် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံမှ လစဉ်ပြည်ပသို့ ဆန်တန်ချိန် နှစ်သိန်းနှင့်သုံးသိန်းကြားတင်ပို့လျက်ရှိပြီး အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ကို ပို့ကုန် ဝင်ငွေရရှိလျက်ရှိသည်။

ထိုသို့ဆန်တင်ပို့ရာတွင် ပို့ကုန် ကုမ္ပဏီ ၁၀၀ကျော် မှ တင်ပို့လျက်ရှိသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသို့တင်ပို့ရာတွင် ပါကစ္စတန်နိုင်ငံ၏ ဈေးနှုန်းကို ယှဉ်ပြိုင်မရောင်းချနိုင်သောကြောင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု လျော့ကျလျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

"တရုတ်နိုင်ငံက ဆန်ဝယ်မှုမှာ ပါကစ္စတန်ဈေးနှုန်းကို ယှဉ်မရောင်းနိုင်ဘူး။ တရုတ်က များသောအားဖြင့် ပါကစ္စတန်ကနေ ဝယ်ယူမှုများလာတယ်။ နောက် အိန္ဒိယကနေလည်း အခုဝယ်တာများလာပါတယ်"ဟု ၎င်းကပြောသည်။

သို့ဖြစ်၍ မြန်မာဆန်တင်ပို့သူများအနေဖြင့် ဥရောပဈေးကွက်နှင့် အင်ဒိုနီးရှားနိုင်ငံကို အားပြုရောင်းချနေရပြီး ဖိလစ်ပိုင်နိုင်ငံကိုလည်း တင်ပို့ရောင်းချနေသည်။

လက်ရှိမှာ ထိုင်း၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဗီယက်နမ် စသည့် ဆန်တင်ပို့သော နိုင်ငံများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်အောင်ပြုလုပ်ပြီး ဈေးနှုန်းကျအောင် ဆောင်ရွက်လာခြင်းဖြစ်သောကြောင့် ဈေးချရောင်းနိုင်တာမျိုး ဖြစ်လာကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

လက်ရှိမြန်မာနိုင်ငံ၏ ဆန်စပါး ပိုလျှံမှုအခြေအနေမှာ တန်ချိန် ၃သန်းကျော်ရှိပြီး တန်ချိန် ၂ သန်းကျော်ကို နှစ်စဉ်တင်ပို့ ရောင်းချလျက်ရှိသည်။



ယခုဘဏ္ဍာနှစ်မှာလည်း တန်ချိန် ၂ ဒသမ ၃ သန်းကနေ ၂ ဒသမ ၅သန်းကျော်တင်ပို့နိုင်ရေး အတွက်ရည်မှန်းထားပြီး အောက်တိုဘာလကုန်အထိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ဒသမ ၃၆၂သန်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၆၄၇သန်း ရရှိထားသည်။ **ရွှေမန်း**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာ သီတာဦး၊ ဦးတင်ဦးလွင်၊ ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

## အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ရှေးယခင်ကတည်းက ရင်းနှီးသည့်ဆက်ဆံမှုများရှိခဲ့ပြီး ယခုအခါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအဆင့်မြင့် အရာရှိကြီးများ ချစ်ကြည်ရေးခရီး အပြန်အလှန်သွားရောက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် နိုင်ငံတကာမျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိမှုနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၌ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ရုရှားနိုင်ငံမှ လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည့် အခြေအနေများ၊ ဥပဒေပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများတွင် အပြန်အလှန်ဖလှယ်နိုင်မှုအခြေအနေများ၊ လူငယ်ရေးရာကိစ္စရပ်များတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ခရီးသွားလုပ်ငန်းများ၊ အပြန်အလှန်ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရေး ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ ထုတ်လုပ်နိုင်ရေးနှင့် စက်မှုလုပ်ငန်းများတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

## လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၂၄ မှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်မှအဆင့်မြင့် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ပူးပေါင်းပံ့ပိုးကူညီ ဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ရန်နှင့် မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကို အများပြည်သူ သိရှိနားလည်စေရန်အတွက် ဒီဇင်ဘာ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အဖြစ် သတ်မှတ်ပြီး ကုလသမဂ္ဂက ဦးဆောင်မှုနှင့် ကမ္ဘာတစ်ဝန်းတွင် ၁၉၉၂ ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ၁၉၉၄ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၃၁)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

ယနေ့ကျရောက်သည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးသည့် ဦးတည်ဆောင်ပုဒ်သည် "Amplifying the leadership of persons with disabilities for an inclusive and sustainable future" **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"**ဖြစ်ကြောင်း။

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၈၂၀၀ အနက် ၁၆ ရာခိုင်နှုန်းဖြစ်သော သန်းပေါင်း ၁၃၀၀ ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုးရှိသူများဖြစ်ကြကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းဖြစ်သည့် ၅ ဒသမ ၉ သန်းသည် မသန်စွမ်းသူများဖြစ်ကြောင်းကို တွေ့ရှိရကြောင်း၊ ကမ္ဘာတွင်သာမက မြန်မာနိုင်ငံတွင်လည်း မသန်စွမ်းသူဦးရေ အချိုးအစား ကြီးကြီးမားမားရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ ဘဝတွင် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲအတားအဆီးများ၊ တန်းတူညီမျှ ရပိုင်ခွင့်များ၊ ပူးပေါင်းဆောင်ရွက်မှု စသည့် စိန်ခေါ်မှုများကို လူသားအားလုံးက လက်တွေ့ကျအောင် ဖြေရှင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လူလူချင်း တူသော်လည်း ဘဝကံကြမ္မာအကျိုးပေးကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းနေသူများကို စာနာထောက်ထားဖေးမကူညီပြီး မသန်သော်လည်း စွမ်းဆောင်ရည် ပြည့်ဝသည့်၊ လောကအကျိုးကို သယ်ပိုးနိုင်သည့် လူသားတစ်ဦး ဖြစ်လာအောင် ကူညီအားပေးကြရန် လိုအပ်ကြောင်း။

ထို့ကြောင့် အားလုံးအကျုံးဝင်ပါဝင်နိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ကျန်ရစ်နေသည့်မျိုးမရှိအောင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်အောင် အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စွမ်းဆောင်နိုင်မှုအပေါ် မူတည်ပြီး မသန်စွမ်းသူများကို ဦးဆောင်သည့် အခန်းကဏ္ဍများတွင် နေရာပေး ဆောင်ရွက်ပေးကြရန်လည်း လိုအပ်ကြောင်း၊ မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုများအပေါ် နားလည်လက်ခံနိုင်စွမ်းကို ဖော်ဆောင်ပေးရာလည်း ရောက်ကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် **"မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(UNCRPD)"**ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး မသန်စွမ်းသူများအရေးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)နှင့် နည်းဥပဒေများ (၂၀၁၇)တို့ကို အတည်ပြု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားရှိပြီး မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီကိုးခုကို ဖွဲ့စည်းထားရှိပြီး ဆောင်ရွက်လျက်ရှိကြောင်း။

မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေး ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍကို ဦးစားပေး မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၆ ခုနှစ် လေ့လာဆန်းစစ်ချက်များအရ မသန်စွမ်းသူ ကလေးသူငယ် နှစ်သိန်းသုံးသောင်းခန့်ရှိပြီး အဆိုပါအထဲက ကလေးသုံးဦးတွင် နှစ်ဦးသည် ကျောင်းမတက်ကြဘဲ ၃၆ ရာခိုင်နှုန်းခန့်သာ စာရေးစာဖတ်နိုင်ကြောင်း သိရကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် မသန်စွမ်းသူများအတွက် ပညာရေးကို ပိုမိုအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအနေဖြင့် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

စာမျက်နှာ ၇ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ခရီးသွားလာရေး ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အလုပ်အကိုင်အခွင့်အလမ်း ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

✰ စာမျက်နှာ ၆ မှ

အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများအပေါ် ခွဲခြားမှုမရှိသော သင်ရိုးညွှန်းတမ်းနှင့် အလေ့အကျင့်များ ကျင့်သုံးခြင်း၊ အထူးပညာရေး ဆရာ ဆရာမများကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ သင်ကြားမှု၊ သင်ယူမှုပြုနိုင်ရန်အတွက် လိုအပ်သော နည်းပညာနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

**နှစ်စဉ်ထည့်သွင်းချီးမြှင့်**

အတားအဆီး ကင်းသော ပတ်ဝန်းကျင်ဖြစ်စေရန် အတွက် အများပြည်သူဆိုင်ရာ နေရာများ အဆောက်အအုံများကို မသန်စွမ်းသူများအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ အများသုံးသယ်ယူပို့ဆောင်ရေး ယာဉ်များတွင် မသန်စွမ်းသူများ လိုက်ပါနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ သတင်းအစီအစဉ်များတွင် Sign Language နှင့် ပြသခြင်းများ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားများတွင်လည်း မသန်စွမ်းသူများ အတားအဆီးမဲ့ ခရီးသွားလာနိုင်အောင် ဆောင်ရွက်ပေးမှုအတွက် ဂုဏ်ပြုဆုကို နှစ်စဉ်ထည့်သွင်းချီးမြှင့်ပေးလျက်ရှိကြောင်း။

မသန်စွမ်းသူများသည် အများနည်းတူ ရာနှုန်းပြည့်ကျန်းမာသန်စွမ်းမှုမရှိသော်လည်း ၎င်းတို့၏ ကောင်းမွန်ပြီး ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်အစိတ်အပိုင်းနှင့်ကိုက်ညီသည့် လုပ်ရှားဆောင်ရွက်နိုင်မည့် ကဏ္ဍအလိုက် ပါဝင်လုပ်ဆောင်နိုင်ရန် စီမံဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ ထိုသို့စီမံဆောင်ရွက်ပေးမည်ဆိုပါက မသန်စွမ်းသူများ၏ စိတ်အားငယ်မှု၊ သိမ်ငယ်မှုများပပျောက်စေပြီး မသန်သော်လည်းစွမ်းသည့် စွမ်းဆောင်ရှင်များအဖြစ် လောကကို တတ်အားသမျှ အကျိုးပြုနိုင်သူများဖြစ်လာအောင် အားပေးဂုဏ်ပြု မြှင့်တင်သွားကြရန် တိုက်တွန်းလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

မသန်စွမ်းသူများ အနေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းဖြင့် လူမှုရေးပိုင်းဆိုင်ရာ အကျိုးဝင်မှုသာမက စီးပွားရေး အကျိုးဝင်မှုပါရရှိပြီး အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်မည်ဖြစ်ကြောင်း၊ မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ကြောင်း နားလည်လက်ခံပြီး မသန်စွမ်းသူများကို အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်စေခြင်း၊ မူဝါဒနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် နေရာများတွင် တာဝန်ထမ်းဆောင် စေခြင်းတို့ကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူအားလုံး လွှမ်းခြုံနိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို စီမံကိန်းမြို့နယ် ၂၁ ခုတွင် လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ယနေ့အထိ ၅၉၃၇ ဦး မသန်စွမ်းမှတ်ပုံတင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများအပေါ် ထားရှိသည့် မကောင်းမြင်စိတ်နှင့် လွဲမှားသောအယူအဆ အတွေးအမြင်များ ပပျောက်ရေးအတွက် တိုက်တွန်းနှိုးဆော်ခြင်း၊ အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း။

**ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်**

ထို့ပြင် သဘာဝဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့ကြရာတွင်လည်း မသန်စွမ်းသူများအနေဖြင့် အများတကာများထက် ပိုမိုထိခိုက်ခံစားရကြောင်း၊ ထို့ကြောင့် သဘာဝဘေး လျော့ပါးရေးလုပ်ငန်းများတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများပါဝင်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ သင်တန်းတွေ ဇာတ်တိုက် လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ အရေး ဆောင်ရွက်ပေးရာတွင် မသန်စွမ်းသူများကိုယ်တိုင်နှင့် မသန်စွမ်းသူများအရေး ဆောင်ရွက်ပေးနေသည့် အသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အထူးလိုအပ်ကြောင်း၊ ထို့ပြင် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်ကြရန် အသိပေး ပြောကြားလိုကြောင်း။

ယခုနှစ်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဦးတည်ချမှတ်ထားသော **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"**ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများ၏ ခေါင်းဆောင်မှုစွမ်းရည် မြှင့်တက်စေခြင်း၊ ဦးဆောင်သည့် ကဏ္ဍများတွင် ပါဝင်စေခြင်းနှင့် မသန်စွမ်းသူများ၏ အမြင်နှင့်သဘောထားကို အလေးထား ထည့်သွင်းပေးခြင်းတို့ဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးကို မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အလွှတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က မသန်စွမ်းသူများ အတွက် အတားအဆီးမဲ့ ခရီးသွားလာရေး ဂုဏ်ပြုဆုရရှိကြသူများအားလည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အလုပ်အကိုင်အခွင့်အလမ်းဂုဏ်ပြုဆုနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့်သဝဏ်လွှာ ဗီဒီယိုမက်ဆေ့နှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းတို့ကို ပြသပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဟန်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်က "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" သီချင်းနှင့်အတူ ဘီးတပ်ကုလားထိုင်ဖြင့် စွမ်းရည်ပြကပြဖျော်ဖြေကြသည်။

**ကပြဖျော်ဖြေတင်ဆက်**

ယင်းနောက် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ကလေးငယ်များက "စိတ်ဓာတ်ခွန်အားရွက်လွှင့်ထား" တေးသီချင်းဖြင့်လည်းကောင်း၊ နားမကြားသော ကလေးများကျောင်း (ရန်ကုန်) မှ မသန်စွမ်းကလေးများက "ရေအိုးယိမ်း" တေးသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သီဆိုကပြဖျော်ဖြေခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော စာအုပ်များ၊ လက်မှုထုတ်ကုန်ပစ္စည်းများနှင့် အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို လက်ခံတွေ့ဆုံဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သောအဖွဲ့ကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်နှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒူးမားလွှတ်တော်ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက ရွေးကောက်ပွဲဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်ရုံး ဧည့်ခန်း၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးနှင့် နှစ်နိုင်ငံဘက်စုံပူးပေါင်းဆောင်ရွက်ရေး၊ ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံဖလှယ်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ရုရှားနိုင်ငံတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများကို ကူညီပေးနိုင်ရေးကိစ္စနှင့် ဘာသာစကားများ သင်ကြားနိုင်ရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်ရုံး သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနေလွင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E . Mr. Sholban Kara-Ool ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ရုရှားဒူးမားလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်၁၁ နာရီတွင်နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲကဏ္ဍအများအပြား၌ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ဆောင်းမြေပဲစိုက်ဧက ၆၇၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မန္တလေး ဒီဇင်ဘာ ၃**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၉ ခရိုင်၌ ဆောင်းဆီထွက်သီးနှံဖြစ်သော ဆောင်းမြေပဲ စိုက်ဧက ၆၇၀၀၀ ကျော်ကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၉ ခရိုင်ရှိ မြို့နယ် ၂၀ တွင် ဆောင်းမြေပဲလျာထားဧက ၁၂၆၅၉၃ ဧကကို စက်တင်ဘာလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့အချိန်ထိ ဆောင်းမြေပဲ စိုက်ပျိုးပြီးစီးမှုဧကသည် ၆၇၂၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံများ စိုက်ပျိုးနေခြင်းသည် ပြည်တွင်းရှိ စားသုံးသူပြည်သူများ ဆီဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း စိုက်ပျိုးသည့်အခါတွင်လည်း ခရိုင်အလိုက် ဆောင်းဆီထွက်သီးနှံမြေပဲများကို စိုက်ပျိုးနေခြင်း ဖြစ်သည်။

"တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးရေးဦးစီးဌာနကနေပြီးတော့ ဆီထွက်သီးနှံတွေကို ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ပိုမိုတိုးချဲ့စိုက်ပျိုးဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးတာကဒေသတွင်းမှာ ဆီဖူလုံမှုအတွက်ကို အဓိကရည်မှန်းချက်ထားပြီးမှ စိုက်ပျိုးနေတာပါ။ ဆီထွက်သီးနှံများကို နှစ်စဉ်စိုက်ပျိုးပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနကနေပြီးတော့ ဘဏ္ဍာနှစ်အလိုက် ဆီထွက်သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေးနည်းပညာများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ဆောင်းမြေပဲသီးနှံကို တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် စိုက်ပျိုးကြကြောင်း၊ ယင်းခရိုင်များမှာ အောင်မြေသာစံခရိုင်တွင် ၁၉၉၂၁ ဧက၊ ကျောက်ဆည်ခရိုင်တွင် ၁၀၈၇ ဧက၊ ညောင်ဦး ခရိုင်တွင် ၂၂၀၅ ဧက၊ တံတားဦးခရိုင်တွင် ၁၃၁၂၆ ဧက၊ မိတ္ထီလာခရိုင်တွင် ၅၉၈၈ ဧက၊ မြင်းခြံခရိုင်တွင် ၃၂၉၃၈ ဧက၊ ရမည်းသင်းခရိုင်တွင် ၁၆၀၅၀ ဧက၊ သပိတ်ကျင်းခရိုင်တွင် ၃၄၇၁၂ ဧက၊ အမရပူရခရိုင်တွင် ၅၆၆ ဧက စသည့် ခရိုင်များတွင် ဆောင်းဆီထွက် သီးနှံဖြစ်သော ဆောင်းမြေပဲလျာထားစိုက်ဧက စုစုပေါင်း ၁၂၆၅၉၃ ဧကကို စိုက်ပျိုးဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

(၀၇၃)

# ရာဂီမုန်တိုင်းကြောင့် ရေနစ်သေဆုံးသွားသည့် ဆိတ်များအစား နိုင်ငံတော်မှ ဆိတ်များ ပြန်လည်ထောက်ပံ့ပေး

**တပ်ကုန်း ဒီဇင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေနစ်သေဆုံးသွားသည့် ဆိတ်များအစား နိုင်ငံတော်မှ ဆိတ်များ ပြန်လည်ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က အဆိုပါ ဆိတ်မွေးတောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဘစီ၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်ဝင်းထွန်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာငွေးထိုက်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနော်ရထာရပ်ကွက် ဘုရင့်နောင်ရပ်ကွက်နှင့် မြဝတီရပ်ကွက်တို့မှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။



ထို့နောက် အနော်ရထာရပ်ကွက်တွင် ဆိတ်ပိုင်ရှင် ၆ ဦးအတွက် ဆိတ် ၁၈၈ ကောင်၊ ဘုရင့်နောင်ရပ်ကွက်တွင် ဆိတ်ပိုင်ရှင် ၁ ဦးအတွက် ဆိတ်အကောင် ၄၀၊ မြဝတီရပ်ကွက်တွင် ဆိတ်ပိုင်ရှင် ၂ ဦးအတွက် ဆိတ် ၅၇ ကောင် အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

❍ စာမျက်နှာ ၂၄ မှ

တစ်လျှောက် လက်ရှိအချိန်ထိ သွင်းဂိုးပေါင်း ၉၁၅ ဂိုးထိ သွင်းယူထားနိုင်ခဲ့ပြီး ဂိုး ၁၀၀၀ ထိ သွင်းယူနိုင်ရန်လည်း ရည်မှန်းထားသည်။

ထို့ကြောင့် အသက်(၃၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး စီရော်နယ်လ်ဒိုအနေဖြင့် ကစားသမားဘဝမှ အနားမယူမီအချိန်အထိ မည်သည့်အောင်မြင်မှုများ ဆက်လက်ရယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၃

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသည့် အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများဖြစ်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘော်လီဘောပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့က တစ်ဖက်သုံးဂိုးစီဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ကိုးဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ခြောက်ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့က ဂိုးမရှိ သရေဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို လေးဂိုး - နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့ပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ရမှတ်(၈၀-၄၆)မှတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရမှတ် (၉၄-၂၇) မှတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ရမှတ် (၆၅-၄၃) မှတ်ဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ရမှတ် (၅၈-၄၈) မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ရမှတ် (၈၂- ၁၇) မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့က စာမျက်နှာ ၁၀ သို့ ☆



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘတ်စကက်ဘော ပြိုင်ပွဲတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။





ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို အားကစားပရိသတ်များ တစ်ခဲနက်အားပေးနေကြစဉ်။

☆ စာမျက်နှာ ၉ မှ

တစ်ဖက်တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့ပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် ဘောဂဝတီ အားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးဂိုး - တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့်လယ်ဝေးTC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို လေးဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ထည့်သွင်းကျင်းပသည့် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်မျိုးတွင် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)နှင့် ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးတွင် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘတ်စကက်ဘော (အမျိုးသား)၊ ကြက်တောင် (အမျိုးသား/ အမျိုးသမီး)၊ ဘိလိယက်/ စနူကာ (အမျိုးသား)၊ လက်ဝှေ့(အမျိုးသား)၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု (အမျိုးသား/ အမျိုးသမီး)၊ ခရစ်ကက် (အမျိုးသား)၊ ဘောလုံး ပိုက်ကျော်ခြင်း (အမျိုးသား/ အမျိုးသမီး)၊ ရေကူး (အမျိုးသား/ အမျိုးသမီး)၊ စားပွဲတင်တင်းနစ် (အမျိုးသား/ အမျိုးသမီး)၊ တိုက်ကွမ်ဒို (အမျိုးသား/ အမျိုးသမီး)၊ တင်းနစ် (အမျိုးသား)၊ ရိုးရာခြင်းလုံး (အမျိုးသား/အမျိုးသမီး)၊ မြန်မာ့သိုင်း (အမျိုးသား/ အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး)၊ ဗိုဗီနမ် (အမျိုးသား/ အမျိုးသမီး)၊ အလေးမ (အမျိုးသား/ အမျိုးသမီး)၊ ဝုရှူး(အမျိုးသား/ အမျိုးသမီး)ပြိုင်ပွဲများ၊ မသန်စွမ်းအားကစားနည်း လေးမျိုးတွင် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ရေကူး (အမျိုးသား/အမျိုးသမီး)၊ ထိုင်လျက်ဘော်လီဘောနှင့် မျက်မမြင်စစ်တုရင် (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို ထည့်သွင်းကျင်းပလျက်ရှိသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး (အမျိုးသား/ အမျိုးသမီး)၊ ဖူဆယ် (အမျိုးသား/ အမျိုးသမီး)၊ ဂေါက်သီး (အမျိုးသား)၊ ဂျူဒို (အမျိုးသား/ အမျိုးသမီး)၊ ကရာတေး (အမျိုးသား/ အမျိုးသမီး)၊ (အမျိုးသား/ အမျိုးသမီး) နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဓာတ်ပုံ - ရွှေကိုလေး

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်






**မန္တလေး ဒီဇင်ဘာ ၃**

၂၀၂၄ခုနှစ် ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ မသန်စွမ်းသူများအသင်းများမှ တာဝန်ရှိသူများနှင့် မသန်စွမ်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၄ခုနှစ်မှစတင်၍ အစဉ်အလာမပျက်ကျင်းပခဲ့ရာ (၃၁)ကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ လူ့အခွင့်အရေး၊ ကောင်းကျိုးစီးပွားနှင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ပြည့်မီစွာရရှိစေရန် စီမံကိန်းများချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အတားအဆီးကင်းသော ပတ်ဝန်းကျင်၊ အလွယ်တကူလက်လှမ်းမီရယူ အသုံးပြုနိုင်မှုတို့ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေးနှင့်အညီ မသန်စွမ်းသူများ၏ ဘဝအခြေအနေ မြင့်မားတိုးတက်စေရေး၊ နောက်ကျမကျန်ရစ်စေရေးအတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရမည်ဖြစ်ပြီး မသန်စွမ်းသူများကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုကိုလည်း အသိအမှတ်ပြုပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုပြိုင်ပွဲများတွင် အမြင်အာရုံမသန်စွမ်းဂိုးဘောလ်ပြိုင်ပွဲနှင့် အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ ကိုယ်အင်္ဂါမသန်စွမ်း စစ်တုရင်ပြိုင်ပွဲ၊ ဝှီးချဲမီတာ ၅၀ ပြိုင်ပွဲ၊ ဉာဏ်ရည်မသန်စွမ်း အမျိုးသား၊ အမျိုးသမီး မီတာ ၅၀လမ်းလျှောက်ပြိုင်ပွဲ၊ အကြားအာရုံ မသန်စွမ်း အမျိုးသား၊ အမျိုးသမီး မီတာ၁၀၀ အပြေးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုတံဆိပ်များနှင့် ဂုဏ်ပြုငွေများကို ချီးမြှင့်ခဲ့ကြောင်းနှင့်၂၀၂၄ခုနှစ်၊အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် ဂုဏ်ပြုပြသသော Video Clip ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**












# ရတနာပုဏ္ဏာဝရဒါဋ္ဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး) (၂၉)ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၃**

အမရပူရခရိုင် အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်အပ်သော ရတနာပုဏ္ဏာဝရဒါဋ္ဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ (၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက စွယ်တော်မြတ်စေတီတော်ရင်ပြင်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရက်ကန်းပညာရှင်များ၊ စက်ချုပ်ပညာရှင်များ၊ လုပ်အားဒါနပြုကြသူများ၊ ဧည့်ပရိသတ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဝရဒါဋ္ဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်ဗုဒ္ဓမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြပြီးနောက် (၂၉)ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအထိမ်းအမှတ် ရွှေမိုးငွေမိုးများ ရွာသွန်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားပြီးနောက် စွယ်တော်မြတ်စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်၍ ရင်ပြင်တော်တွင် ဘုရားဖူးလာပြည်သူများနှင့်အတူ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြပြီး ရွှေကြာသင်္ကန်းရက်လုပ်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ





## တန်ဖိုးထားလေးစားအပ်သော မြန်မာတို့၏ ပန်းတော့အတတ်ပညာ



**မင်းဘူး ဒီဇင်ဘာ ၃**

မြန်မာတို့၏လက်မှုအတတ်ပညာဖြစ်သော 'ဘုရားမတင် နတ်မဝင် လူတွင်ပန်းဆယ်မျိုး' ဟုခေါ်ဆိုသော လက်မှုအတတ်ပညာဆယ်မျိုးထဲတွင် ပန်းတော့အတတ်ပညာလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ပန်းတော့ဆိုသည်မှာ အင်္ဂတေသရွက်ဖြင့် ရုပ်လုံး၊ ရုပ်ကြွပေါ်လွင်အောင် ဖန်တီး၊ ခြယ်သ၊ မွမ်းမံကာတန်ဆာဆင်ပြုလုပ်ထားသော ပညာဖြစ်သည်။ ဤအတတ်ပညာသည် အနုစိတ်သည့်လက်မှုအတတ်ပညာဖြစ်သည့်အလျောက် တတ်မြောက်သူများလည်းရှားပါးသည်။

ပန်းတော့အတတ်ပညာဖြင့် ပြုလုပ်ထားသော လက်ရာများကို ဘုရား၊ တန်ဆောင်း၊ ကျောင်းများ၏မုခ်ဦးများ၊ နံရံများ၊ မင်းခမ်းမင်းနား အသုံးအဆောင်နှင့် ပလ္လင်များ၊ မြန်မာနိုင်ငံအရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများ၏ ဘုရားပလ္လင်တော်နှင့် ဂန္ဓကုဋီတိုက်များ၊ ရှေးမြန်မာဘုရင်များ၏ နန်းတော်များ၊ သာသနိကအဆောက်အအုံများ၌ တွေ့မြင်ကြရမည်။ ၎င်းပညာရပ်သည် အနုစိတ်ပြီး ပညာသားပါသော ပညာရပ်တစ်ခုဖြစ်သည်။ ကနုတ်များ၊ ပန်းများ မွမ်းမံခြယ်သရာတွင် လက်ရာမြောက်ပါက ပန်းချီကားတစ်ချပ်ကဲ့သို့ လှပသေသပ်ပြီး ရှုချင်စဖွယ်ကောင်းသော ပညာရပ် ဖြစ်သည်။

ပန်းတော့ လက်မှုအတတ်ပညာဖြင့်ပြုလုပ်ထားသော ခြူးပန်းခြူးနွယ်များ၊ ဂဠုန်၊ နဂါး၊ ခြင်္သေ့၊ ဆင် အစရှိသောအရုပ်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို ရှုချင်စဖွယ် မွမ်းမံတန်ဆာဆင်ထားကြသည်။ ထို့ကြောင့် ယဉ်ကျေးမှုလက်မှုအနုပညာဖြစ်သော ပန်းတော့ပညာသည်ကား အလွန်အသက်ဝင်လှသည်။ ၎င်းလုပ်ငန်းသည် လုပ်ငန်းကျယ်ပြန့်ပြီး အချိန်ကုန်သည့်အတွက် ထိုလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူမှာ စိတ်ပါဝင်စားပြီး ကျွမ်းကျင်မှုရှိဖို့ အထူးလိုအပ်သည်။

ပန်းတော့လုပ်ငန်းသည် မြန်မာ့ရိုးရာလက်မှုလုပ်ငန်းများထဲတွင် မြတ်နိုးတန်ဖိုးထားစရာ လက်မှုလုပ်ငန်းဖြစ်သည့်အတွက် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ဖို့လိုအပ်ပြီး ပန်းတော့လက်မှုပညာနည်းတူ အခြားသော မြန်မာတို့၏ အနုလက်ရာများကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ထားကြရမည် ဖြစ်ပါတော့သည်။ (၅၀၄)

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား မြို့တော်ခန်းမတွင် ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၃**

၂၀၂၄ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင်ကျရောက်သည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး နှင့်ကုသရေးဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ နီးနွယ် ဌာနဆိုင်ရာများ၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာန စိတ်မှတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် ကျန်းမာရေး ဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများအားလုံး လက်တွဲ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အဓိကရည်မှန်းချက်များဖြစ်သည့် HIV ပိုး ကူးစက်မှုအသစ်မရှိစေရေး၊ HIV ပိုးရှိသူများ၊ ဝေဒနာရှင် များအား ခွဲခြားနှိမ့်ချမှုကင်းစင်ရေး၊ လိုအပ်သောဆေးကုသမှု ပြုစုကုသစောင့်ရှောက်မှုများ လက်လှမ်းမီရရှိကာ သေဆုံးမှုများ လျော့ချရေး စသည့် ရည်မှန်းချက်များပြည့်မီပြီး HIV ပိုး ကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွက်လာနိုင် အောင် အားလုံးဝိုင်းဝန်းကာ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းနှင့် ယခုနှစ်ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "Take the rights path" "အေအိုင်ဒီအက်စ်ကင်းဝေးဖို့၊ သာတူညီမှုအလေးပေးလို့၊ အားလုံး ဝိုင်းဝန်းပံ့ပိုးစို့" ဆိုသည့်အတိုင်း HIV ကာကွယ်ရေးလုပ်ငန်းများ ကိုအတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံတွင် HIV/AIDS ရောဂါကာကွယ်ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကြိုးပမ်း ဆောင်ရွက်မှုမှတ်တမ်းတင် Video clip နှင့် ပြခန်းများအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## ပဲစင်းငုံစိုက်ပျိုးမှု ၉၄၇၁ ဧကစိုက်ပျိုးထားရှိပြီး အပူးအပွင့်များ အောင်မြင်လျက်ရှိ

**ညောင်ဦး ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက် တောင်သူများ မိုးသီးနှံအမျိုးမျိုး စိုက်ပျိုးကြကာ ယခုနှစ်တွင် မိုး သီးနှံဖြစ်သော ပဲစင်းငုံစိုက်ပျိုးမှု ၉၄၇၁ ဧကစိုက်ပျိုးထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးထံက သိရသည်။

ညောင်ဦးမြို့နယ်တွင် နောက် ပိုင်း မိုးရွာသွန်းမှုကောင်းခြင်းနှင့် အတူ မိုးသီးနှံများဖြစ်ကြသော ပင်ပြန့်မြေပဲ၊ ပင်ထောင်မြေပဲ၊ မိုး စပါး၊ ပဲတီစိမ်း၊ ငရုတ်၊ ပြောင်း ဖူး၊ ခရမ်းချဉ်၊ ဖရုံ၊ ပဲစင်းတို့ အားစိုက်ပျိုးကြပြီး မိုးရွာသွန်းမှု ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုး သည့် မိုးသီးနှံများ အောင်မြင် ဖြစ်ထွန်းလျက်ရှိကာ နုတ်သိမ်း ပြီး ပင်ထောင်မြေပဲ(ခေါ်)သုံးလ မြေပဲများလည်းရရှိကြကြောင်း၊ ညောင်ဦးမြို့နယ်တွင် မိုးသီးနှံ ပဲစင်းငုံကိုလည်း အားထားစိုက်ပျိုး လျက်ရှိရာ ဝါဆိုလ၊ ဝါခေါင်လ တို့တွင် စိုက်ပျိုးထားသည့် ပဲစင်း ငုံခင်းများ မိုးရွာသွန်းမှုကောင်း ခြင်းနှင့်အတူ မြေပဲနုတ်သိမ်းပြီး ချိန် ပဲစင်းငုံများ မြေဆွကာ အပင်များ ထွားကျိုင်းသန်မာ ဖြစ်ထွန်းနေပြီး သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် ပဲစင်း ငုံများ အဖူးဖူး၊ အပွင့်ပွင့်ခြင်းများ စတင်ကာ တန်ဆောင်မုန်းလ ကုန်ခါနီးတွင် အသီးသီးတင်ကြ ကြောင်း ပဲစင်းငုံခင်းများ ညောင်ဦး တစ်မြို့နယ်လုံး ကောင်းမွန်နေ ကြပြီး ပဲစင်းငုံ ခုတ်သိမ်းချိန် ဈေးကောင်းရရန်သာ ကျေးလက် တောင်သူများ မျှော်လင့်နေကြ ကြောင်း၊ ညောင်ဦးမြို့နယ်တွင် ပဲစင်းငုံစိုက်ပျိုးခြင်းအား သီးထပ် သီးညှပ်အနေဖြင့် နှမ်း၊ မြေပဲ၊ ပဲတီစိမ်းတို့ဖြင့် သီးညှပ်စိုက်ပျိုး ကြပြီး၊ ပဲစင်းငုံသီးသန့် စိုက်ပျိုး သည့် တောင်သူများလည်းရှိ သည်။ ညောင်ဦးမြို့နယ်တွင် ပဲ စင်းငုံစိုက်ပျိုးမှု ၉၄၇၁ ဧက စိုက် ပျိုးနိုင်ခဲ့ပြီး ပဲစင်းငုံများ အဖူး အပွင့်များ လှိုင်လှိုင်ပွင့်နေပြီဖြစ် ကာ အသီးများ စတင်သီးနေပြီ ဖြစ်ကြောင်း၊ မနှစ်က ပဲစင်းငုံ တစ်တင်းငွေကျပ် တစ်သိန်းလေး သောင်း ရောင်းချရခြင်းကြောင့် ပဲစင်းငုံ စိုက်ပျိုးတောင်သူများ တွက်ခြေကိုက်သည့် နှစ်ဖြစ်ခဲ့ ကြောင်း သိရသည်။ (၄၈၁)

## ပဲစင်းငုံအထွက်နှုန်းတိုးတက်ရေး စံပြကွက်၌ မြေဩဇာ ပက်ဖျန်းခြင်းနှင့် တောင်သူအသိပညာပေး ဆောင်ရွက်



**နတ်မောက် ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၊ စိုက်ပျိုးရေး ဦးစီးဌာနမှ ပဲစင်းငုံအထွက်နှုန်း တိုးတက်ရေး စံပြကွက်၌မြေဩ ဇာပက်ဖျန်းခြင်းနှင့် တောင်သူ အသိပညာပေး ကွင်းသရုပ်ပြပွဲ ကို ယမန်နေ့ နံနက်ပိုင်းက ဘုန်း တော်ပြည့်ကျေးရွာ ကွင်းအမှတ် ၁၂၃၊ ၅ ဧက စံပြကွက်တွင် ဆောင်ရွက်ခဲ့သည်။ အဆိုပါ စံပြ ကွက်တွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိက ပဲစင်း ငုံစိုက်ပျိုးသည့် တောင်သူများ အား ရွက်ဖျန်းမြေဩဇာဝယ်ယူ မှုသက်သာလျော့ချနိုင်စေရန် ယူရီးယားနှင့် ဘက်ချားပေါင်း စပ်သုံးစွဲသည့်နည်းပညာများ ဖြန့် ဝေခြင်း၊ဆေးဖျန်းပုံး တစ်ပုံးလျှင် လက်ချားဟင်းစားဇွန်း တစ်ဇွန်း၊ ယူရီးယားဟင်းစားဇွန်း ၄ ဇွန်း ပေါင်းစပ်အသုံးပြုရပြီး သီးနှံ ကာလအတွင်း အဖူး ဖူးချိန်၊ ပန်း ဖြိုင်ဖြိုင်ပွင့်ချိန်၊ သီးကင်းဝင်စချိန် စသည့် အချိန်များတွင် ပက်ဖျန်း ပေးရန်၊ အသီးတင်မှုအားကောင်း ပြီး တစ်ဧကအထွက်နှုန်း ၅ တင်း မှ ၁၀ တင်းအထိ အထွက်နှုန်း ပိုလာနိုင်ကြောင်း ဒေသရာသီနှင့် ကိုက်ညီသည့် မုံရွာရွှေဒင်္ဂါးမျိုး စိုက်ပျိုးထားကြောင်း တက်ရောက် လာသည့် တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့ နောက် မြို့နယ်စိုက်ပျိုးဦးစီးဌာန မှဝန်ထမ်းများက ပဲစင်းငုံအထွက် နှုန်းတိုးတက်ရေး ၅ ဧက စံပြ ကွက်တွင် တောင်သူများနှင့် စုပေါင်း၍ ရွက်ဖျန်းမြေဩဇာ များပက်ဖျန်းပေးခဲ့ကြောင်း သိရ သည်။

(၄၆၅)

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ် ၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ် စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူ အိတ်များ အသုံးပြုနိုင်ရေး အသိ ပညာပေးခြင်း(Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချ ရေး အသိပညာပေးလက်ကမ်း စာစောင်ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၂ရက် နံနက် ၇ နာရီက မြို့မဈေး အတွင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလုပ်ငန်းများဆောင် ရွက်ရာတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်း များ၊ မြို့မဈေးအကျိုးတော်ဆောင် အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာ တွင် လက်ဆွဲခြင်းများ၊ ထည့် စရာများ ယူဆောင်လာရန် အသိ ပညာပေးခြင်း၊ လက်ကမ်းစာစောင် များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး(Compaign)ပြု လုပ်ခြင်းကို အပတ်စဉ် တနင်္လာ နေ့တိုင်း ပြုလုပ်သွားမည်ဖြစ် ကြောင်း မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**




## အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ကလော ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ၂ ရက် နံနက် ၁၀ နာရီက အောင်ပန်းမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က လူငယ်များအား စာဖတ်ရှိန်မြှင့်တင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က ဦးဆောင်ဆွေးနွေးသူအဖြစ်ပါဝင်ပြီး အောင်ပန်းမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ Grade-11 ကျောင်းသား၊ ကျောင်းသူ ၅ ဦးတို့က "လူငယ်နှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင်၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်စာရိတ္တ" ခေါင်းစဉ်၊ လူငယ်နှင့်အချိန်" ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် အခြေခံကာ မိမိတို့သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်နှင့် ပါဝင်ဆွေးနွေးသူများက အသီးသီး ပြန်လည်ဖြေကြားပေးခဲ့သည်။

လူငယ်စကားဝိုင်းသို့ အောင်ပန်းမြို့၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ အပါအဝင် ကျောင်းသား၊ ကျောင်းသူ ၂၇၀ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ

**လဲချား ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre)တွင် ဒီဇင်ဘာ ၂ ရက် နံနက် ၁၀ နာရီက လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ ဦးစီးအရာရှိ ဒေါ်ခင်ချိုထွေးက ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်၊ အောင်မြင်သည့်လူငယ်၊ လူရွယ်များ ပေါ်ပေါက်လာစေရန်၊ စာကြည့်တိုက်အား ရင်းနှီးကျွမ်းဝင်မှုရှိလာစေရန်အတွက် ရည်ရွယ်၍ ယခုလို ဟောပြောပွဲများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး လူငယ်ရေးရာနှင့် ပတ်သက်သည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းအရာများအား အသေးစိတ်ရှင်းလင်းဟောပြောခဲ့ရာ အဆိုပါဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၃၅ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စဉ့်ကိုင် ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေကျပ် (၁၆၇ ဒသမ ၅၆) သန်းဖြင့် Winner Myanmarကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ကင်းလပ်-မြောက်တောကြီး-တအုံလမ်း (၀/၃ ဒသမ ၆မိုင်) ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရန်ပုံငွေ ကျပ် (၁၃၇ ဒသမ ၁၇)သန်းဖြင့် Asia Marn ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် မုန့်ပေါင်း-ဇော်ဂျီ-ရွာသစ်-ကန်ကြီးလမ်း (၀/၃မိုင်)ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ယမန်နေ့ နံနက်ပိုင်းက ကျေး လက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ)ဦးလှခိုင်နှင့်အတူ ကျောက်ဆည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဒေါ်စန်းစန်းဝါ၊ မြို့နယ်တာဝန်ခံ ဒေါ်အိဇာထွေး၊ ကုမ္ပဏီမှ တာဝန်ရှိသူများ လိုက်ပါ၍ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးလှခိုင်က အဆိုပါကွန်ကရစ်လမ်း(၂)လမ်းအား သတ်မှတ်ချိန်ကာလအတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးနှင့် လုပ်ငန်းများအားလုံး အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ပြီး ပြီးစီးမှုအခြေအနေများအား အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

၀-၀-၀-၀-၀-၀-၀



## မီးခိုးမြူငွေ့လျှော့ချရေး၊ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ပုပ္ပားတောင် အမျိုးသားဥယျာဉ်တို့ ပူးပေါင်း၍ ရာသီဥတုပြောင်းလဲမှု၊ မီးခိုးမြူငွေ့လျှော့ချရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက အဆိုပါဥယျာဉ်မှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပုပ္ပားတောင်ဥယျာဉ် အုပ်ချုပ်ရေးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်အုန်းကျော်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသန်းမြင့်က ရာသီဥတုပြောင်းလဲမှုကြောင့် လေထုညစ်ညမ်းခြင်းနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သိကောင်းစရာများ၊ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ဆောင်ရမည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြု၍ ဆီမီးလောင်မှုအား ငြိမ်းသတ်ခြင်း၊ မီးလောင်မှုအား ရေစိုဝတ်ဖြင့် အရေးပေါ်စနစ်တကျ မီးငြိမ်းသတ်နည်းနှင့် မီးသတ်ယာဉ်များ အသုံးပြု၍ မီးငြိမ်းသတ်နည်းများကို ဥယျာဉ်တာဝန်ရှိ ဝန်ထမ်းများကိုယ်တိုင် လက်တွေ့ လုပ်ဆောင်စေခြင်း၊ ပူးပေါင်းပါဝင် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါ အသိပညာပေးဟောပြောခြင်းနှင့်ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကို ပုပ္ပားတောင်ဥယျာဉ် အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အုန်းကျော်နှင့် ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပုပ္ပားကျေးရွာဒေသခံများ၊ မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၈၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(၄၅၆)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ရွှေပြည်အေး

## နာမည်ပေးကြမယ်

* လူကြီးတွေ ခိုင်းတဲ့အခါ
အပြုံးလေးနဲ့ပါ
ခွန်းတုံ့စကားပြန်မပြော
ချစ်စရာကောင်းတဲ့ စိတ်သဘော ။

* လုပ်ဖော်ကိုင်ဖက်ကြားထဲမှာ
ဖေးမကူညီရှာ
ကိုယ်ရေးကိုယ်တာ ဖယ်ကာရှား
ပရဟိတစိတ်ထား ။

* ဌာနရဲ့ အပေါ်မှာ
သစ္စာရှိလှတာ
ယုံကြည်ရတဲ့ ဒီလူမျိုး
လူကြီးများကို အစဉ်ရိုကျိုး ။

* အလုပ်တာဝန်ပေးရင်ကွယ်
စွမ်းစွမ်းတမံနဲ့ရယ်
နာမည်ပေးမယ် ရှေးမနောင်း
ဌာနရဲ့ ဝန်ထမ်းကောင်း ။ ။

**သန်းနိုင်စိုး(စိုက်/မွေး)**





# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများအား ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဒီဇင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသ၌ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်မှုများကြောင့် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေဆုံးရှုံးရခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းများဖြစ်ပေါ်စေကာ ၎င်းဒေသအနီး ကျေးရွာများရှိ ဒေသခံပြည်သူများမှာ ရေကြီးရေလျှံခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများနှင့်အတူ မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများအား ဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၇ ရက် ညနေ ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး ဒေသအခေါ် ဘက်ဟိုးတောင်ကုန်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတောင်ကုန်းအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသော ပျော်ဘွယ်မြို့နယ် ကြူတောဝကျေးရွာနေ ဦးဇော် (၅၂) နှစ် (ဘ)ဦးထွန်းကြည်နှင့် ရမည်းသင်းမြို့နယ် သပြေပင်ကျေးရွာနေသူများဖြစ်ကြသည့် လွင်ကိုနိုင်(၂၈)နှစ် (ဘ)ဦးအေး၊ ကျော်သက်ပိုင် (၂၂)နှစ် (ဘ)ဦးရဲသွေး၊ ဦးမောင်(၆၀)နှစ် (ဘ)ဦးညို၊ နိုင်ကောင်းထက်(၂၂)နှစ်(ဘ)ဦးအေးတို့ ငါးဦးအား တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း။



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်မှုများမှ သက်သေခံပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် တရားမဝင် ရွှေတူးဖော်လုပ်ကိုင်နေသူ သပြေပင်ကျေးရွာနေ တင်လင်း(၄၅)နှစ် (ဘ)ဦးမြိုင်၏နေအိမ်အား ဝင်ရောက်စစ်ဆေးခဲ့ရာ တင်လင်းအား တွေ့ရှိခြင်းမရှိဘဲ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်သူများ ဖြစ်ကြသည့် အဆိုပါကျေးရွာနေ ဝင်းစိုး (၃၂) နှစ် (ဘ)ဦးလှသန်းနှင့် ညောင်အိုင်ကျေးရွာနေ အောင်စိုးဦး(၁၆)နှစ် (ဘ)ဦးအောင်ငွေးဝင်းတို့ နှစ်ဦးအား နေအိမ်ခြံဝင်းအတွင်းမှ ရွှေပါသည်ဟုယူဆရသည့်ဖြုန်းကျောက်အိတ်ပိုင်း ၃၅ ပိုင်း၊ သဲစာအိတ်ပိုင်း ၂၀၊ ဖြုန်းကျောက်များ ကြိတ်ရာတွင် အသုံးပြုသည့် ရိုက်ပြားငါးပြားနှင့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊

ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မိုးထိမိုးမိဒေသရှိသပြေပင်ကျေးရွာအနီး ဒေသအခေါ် ဘက်ဟိုးတောင်ကုန်း အနီးဝန်းကျင်သို့ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများအား တွေ့ရှိရခြင်းမရှိဘဲ ရွှေပါသည်ဟု ယူဆရသည့် ဖြုန်းကျောက်အိတ်ပိုင်း ၁၅ ပိုင်း၊ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆိုလာပြားတစ်ချပ်၊ ဘက်ထရီအိုးတစ်လုံး၊ လက်ဆွဲမီးစက်တစ်လုံး၊ ဒီဇယ်အင်ဂျင်တစ်လုံး၊ ဒိုင်နမိုတစ်လုံး၊ လက်တွန်းလှည်း တစ်စီး၊ SHAYAN-125 ဆိုင်ကယ်တစ်စီးပါ ဆိုင်ကယ်မျိုးစုံ ၁၃ စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးမှုများအတွင်း ဖမ်းဆီးရမိသည့် တရားမဝင်ရွှေတူးဖော်လုပ်ငန်းလုပ်ကိုင်သူ ဦးဇော်ပါ တရားခံ ခုနစ်ဦး၊ ဖမ်းဆီးရန်ကျန်တရားခံ တင်လင်းနှင့်တရားခံ (စီစစ်ဆဲ)များအား ရမည်းသင်းမြို့မရဲစခန်း၌ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၀(က)ဖြင့် အမှုများအသီးသီးရေးဖွင့်ကာ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များအနေဖြင့် ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ နိုင်ငံတော်ပိုင် ရွှေသတ္တုတူးဖော်ရေးလုပ်ကွက်များအတွင်း ဝင်ရောက်၍ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေသည့်အပြင် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေ ဆုံးရှုံးရခြင်းများ မဖြစ်ပေါ်စေရေး နယ်မြေအတွင်းတရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများအား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆီဆိုင်မြို့နယ် နောင်ရင်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အသက် နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးပြီး အမျိုးသားတစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် နောင်ရင်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့မှုကြောင့် အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးပြီး အမျိုးသားတစ်ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှု မရှိစေရေးအတွက် လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၂ ရက်တွင် အကြမ်းဖက်သမားများသည် ကျေးရွာဝန်းကျင်မှနေ၍ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ရာ လက်နက်ကြီး ကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ထိခိုက်ဒဏ်ရာရရှိကာ ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ အထက်ပါသတင်းသည်




အကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ ဝါဒဖြန့်နေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "U Khin Zaw" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်နေ ခင်ဇော်အား ညနေ ၅ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ "ဇော်ကြီး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တိုက်ကြီးမြို့နယ် ရှမ်းစုရပ်ကွက်နေ မောင်ဇော်(ခ)ဇော်ကြီးအား ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Zay Zay" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ) ရပ်ကွက်နေ တင်သူရ(ခ)သန့်ဇင်အား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# (၂၇)နှစ်တာ မန္တလေးနေ့စဉ် ဖြတ်သန်းခြင်း



အောင်မင်းဦး(မန္တလေးနေ့စဉ်)

သတင်းစာဆရာကောင်းဆိုတာ စပ်စုတတ်ကြတယ်။ ဘာတွေဘယ်လိုဖြစ်နေတယ်ဆိုတာ အမြဲသိချင်နေတတ်သလို သတင်းတွေကိုလည်း အမြဲဖတ်ရှုလေ့လာနေချင်တယ်။ သူတို့တစ်တွေဟာ စူးစမ်းလေ့လာသူတွေပါ။ လမ်းပေါ်မှာ အခြားသူတွေ သတိမပြုမိတဲ့ ထူးခြားတဲ့ဖြစ်ရပ်တွေကို သူတို့မြင်တယ်။ သူတို့ဟာ တစ်ဖက်သား ပြောပြသမျှကို ကောင်းစွာနားထောင်တတ်ကြပေမယ့် သံသယစိတ်တော့ အမြဲရှိတတ်ကြတယ်။ သူတို့က လွတ်လပ်မှုကို နှစ်သက်တယ်။ သတင်းစာဆရာကောင်းတို့မည်သည် စည်းကမ်းလည်းကြီးတယ်။ သူတို့က အာရုံထွေပြားမှုမရှိဘူး။သတင်းကို သတ်မှတ်ချိန်မီ ပြီးစီးအောင် လိုက်တတ်ကြတယ်။ သတင်းရေးသားတဲ့အခါမှာလည်း စာဖတ်ပရိသတ်သိချင်တဲ့ သတင်း အချက်အလက်တွေကိုပဲ ရေးသားကြတယ်။ သူတို့သတင်းထဲမှာ ကိုယ်ပိုင်အမြင်တွေ၊ ခံစားမှုတွေကို ထည့်မရေးတတ်ကြဘူး။ သတင်းမှာက အချိန်ကိုက်ဖြစ်ဖို့လိုတယ်။ သတင်းဆိုတာက ကုန်ခဲ့တဲ့လက ဖြစ်ခဲ့တာကို ပြောတာမဟုတ်ဘူး။

ဒီနေ့လက်ငင်းဖြစ်နေတဲ့ အကြောင်းအရာကို ပြောတာဖြစ်တယ်။ စာဖတ်ပရိသတ်က နောက်ဆုံးဖြစ်နေတာကို မြန်နိုင်သမျှ အမြန်ဆုံးသိချင်ကြတယ်။ မြို့ထဲမှာ အကြီးအကျယ်မီးလောင်မှု ဒါမှမဟုတ် ထူးထူးခြားခြားတစ်ခုခုဖြစ်ခဲ့တယ်ဆိုရင် သတင်းထောက်တော်တော်များများက ရေဒီယို၊ ရုပ်သံနဲ့ ဝက်ဘ်ဆိုက်တွေအတွက် ချက်ချင်းသတင်းလိုက်ကြမယ်။ တချို့ကြလည်း နောက်တစ်နေ့နံနက်မှ ပါအောင် ရေးကြမယ်။ သတင်းစာတိုက်တွေမှတော့ ညသန်းခေါင်ယံမီးလောင်မှုဖြစ်စဉ်ကို စက်ရပ်သတင်းအဖြစ် ဖော်ပြကြတယ်။ စက်ရပ်သတင်းဆိုတာ သတင်းစာပုံနှိပ်နေချိန် မီးလောင်မှုသတင်းပေါ်ပေါက်ပါက ရိုက်လက်စစက်ကိုရပ်ပြီး အဆိုပါမီးလောင်မှုသတင်းကို ကနဦးသတင်း ရရှိသည်ဖြင့် ဖော်ပြပေးကြတယ်။

သတင်းတွေမှာ ဒေသန္တရရှုထောင့်ဆိုတာလည်း ရှိတယ်။ လူတွေက သူတို့နေထိုင်ကြတဲ့ နေရာဒေသက အဖြစ်အပျက် ဒါမှမဟုတ် ကိုယ့်အနီးအနားက အကြောင်းအရာတွေကို သိချင်ကြတယ်။ တစ်ခါတစ်ရံမှာလည်း အသုံးဝင်နေတဲ့ အချက်အလက်တွေက သတင်းဖြစ်နေတတ်တယ်။ ဥပမာ အလုပ်သစ်တစ်ခု ရနိုင်တဲ့အကြောင်းမျိုးဖြစ်တယ်။ ဒါမှမဟုတ် ကျန်းမာကြံ့ခိုင်ဖို့အတွက် ဘယ်လို ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ရမယ်ဆိုတာမျိုးတွေ ဖြစ်တယ်။ ပြီးတော့ ဖျော်ဖြေတဲ့သတင်းအချက်အလက်တွေကလည်း သတင်းပဲဖြစ်တယ်။ သတင်းမျိုးထဲမှာတော့ တိရစ္ဆာန်တွေအကြောင်း၊ ရုပ်ရှင်ကားသစ်တွေအကြောင်းလည်း ပါဝင်ပါတယ်။ သတင်းကို အဓိပ္ပာယ်ဖွင့်ဆိုတာ မလွယ်လှဘူး။ သတင်းထောက်အသစ်တစ်ယောက်ကို အယ်ဒီတာက သတင်းတစ်ပုဒ်ရှာပြီး ပြန်လာခဲ့လို့ တန်းလွှတ်လိုက်ရင် သူ့အနေနဲ့ ဘာမှလုပ်တတ်မှာမဟုတ်ဘူး။ ဒါပေမဲ့ အတွေ့အကြုံရလာတဲ့အခါမှာတော့ သတင်းထောက်က ဘယ်ဟာသတင်းဖြစ်တယ်ဆိုတာ ချက်ချင်းသိမြင်လာပါလိမ့်မယ်။

စာရေးသူအနေနဲ့ (၂၇)နှစ်တာ မန္တလေးနေ့စဉ် ဖြတ်သန်းရာမှာ သတင်းစာဝန်ထမ်းအနေနဲ့ သတင်းထောက်ဘဝက အစပျိုးခဲ့သူဖြစ်တယ်။ ယာယီသတင်းထောက်ဝန်ထမ်းဘဝ၊ အမြဲတမ်းအငယ်တန်းသတင်းထောက်ဘဝ၊ အကြီးတန်းသတင်းထောက်ဘဝ၊ သတင်းထောက်မှူးဘဝတို့ကို အဆင့်ဆင့်ဖြတ်သန်းပြီးမှ စာတည်းမှူး(ဦးစီးအရာရှိ)နေရာကို ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။ အဆင့်ဆင့်ဖြတ်သန်းလာတဲ့ဘဝတစ်လျှောက် အတွေ့အကြုံတွေ အများကြီးရရှိခဲ့ပါတယ်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကိုလည်း စာရေးသူ ဦးညွှတ်ဂါရဝပြုပါတယ်။

ပြီးခဲ့တဲ့ (၂၇)နှစ်တာ မန္တလေးနေ့စဉ် ဖြတ်သန်းခြင်း ဆောင်းပါးမှာတော့ အတွဲ(၁)၊ အမှတ်(၁)မှာ ပါဝင်တဲ့ အမြို့မြို့အနယ်နယ်သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ နိုင်ငံတကာသတင်းများရဲ့ ခေါင်းစဉ်တပ် ဖော်ပြပေးခဲ့ပါတယ်။ ယခု ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်ထုတ် အတွဲ(၁)၊ အမှတ်(၂)မှာ ပါဝင်တဲ့ သတင်းခေါင်းစဉ်များကို ဖော်ပြပေးမှာဖြစ်ပါတယ်။ မန္တလေးနေ့စဉ် သတင်းစာမျက်နှာဖုံးမှာတော့ နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်တို့ ပါဝင်တဲ့ အကြောင်းအရာအနေနဲ့ သတင်းစာရဲ့ ညာဘက်ထောင့် ထိပ်မှာ ပါဝင်ခဲ့ပါတယ်။ ထပ်မံပြီးတော့ ညောင်ဦးခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသစ်ဖွင့်၊ တိုင်းမှူးဗိုလ်ချုပ် ရဲမြင့် တက်ရောက်၍ အမှာစကားပြောကြား အဆိုပြုလွှာများလက်ခံ သတင်းခေါင်းစဉ်တပ်ထားတဲ့သတင်း၊ စက်မှုလုပ်ငန်းရှင်များ ကုန်ထုတ်ပစ္စည်းအရည်အသွေးမီအောင် ထုတ်လုပ်ကြ ဝန်ကြီးချုပ်ရုံးဝန်ကြီးထံမှ စက်မှုလုပ်ငန်းရှင်များအား မှာကြား ခေါင်းစဉ်တပ်ထားတဲ့ သတင်းပဲဖြစ်ပါတယ်။

စာမျက်နှာ ၁၂ ကျောဖုံးမှာတော့ ကျောဖုံးညာဘက်ထိပ်မှာ ပြည်သူ့သဘောထားအချက်အလက်ကို ဖော်ပြခဲ့ပါတယ်။ သတင်းခေါင်းစဉ်များအနေနဲ့ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် မြို့တော်ဝန်ဆရာတော်များအား ဖူးမြော်၊ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ဩဝါဒခံယူသတင်း၊ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ် လွန်းမောင်၊ လူနေအိမ်ခန်းနှင့် ဆိုင်ခန်းများဆောက်လုပ်မှု ပန္နက်တင်သတင်း၊ ထပ်မံပြီး သတင်းကတော့ မန္တလေးမြို့တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး၊ မြို့တော်ဝန်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး၊ သတ်မှတ်ချိန်မီပြီးစီးရေး၊အသုံးပြုပစ္စည်းများ အရည်အသွေးပြည့်မီရေး မှာကြားသတင်း၊ နောက်သတင်းအနေနဲ့ မန္တလေးနေ့စဉ်နှင့် အမြန် ဆက်သွယ်နိုင်ဆိုတဲ့ သတင်းကတော့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို နိုဝင်ဘာ ၃၀ ရက်မှ စတင်ထုတ်ဝေလျက်ရှိရာ သတင်းထောက်များ၊ နယ် သတင်းထောက်များ လျှောက်ထားလိုလျှင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရဲစခန်းတို့၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ အပြည့်အစုံဖြင့် အမြန်ဆက်သွယ်လျှောက်ထားနိုင်သည်ဟု ဖော်ပြပါရှိတယ်။

စာမျက်နှာ(၂) နိုင်ငံတကာသတင်းများအနေနဲ့ သတင်းခေါင်းတပ်ထားတဲ့ သတင်းများကတော့ အိုင်အမ်အက်ဖ်၏ ငွေကြေးထောက်ပံ့ကူညီရယူမှု၊ မလေးရှားနိုင်ငံက အတတ်နိုင်ဆုံးရှောင်ရှားသွားမည်ဟုဆိုသတင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်ဆံရေးဆောင်ရွက်၊ နှစ်နိုင်ငံကြား တိုက်ရိုက်လေကြောင်းပျံသန်းရေး သမ္မတနှစ်ဦး စာချုပ်သတင်း၊ အိုပက်အဖွဲ့ ရေနံတိုးထုတ်ရန် သဘောတူညီ မည်မျှတိုးမည်ကို အဖွဲ့ဝင်(၁၁)နိုင်ငံတို့ညှိနှိုင်းသတင်း၊ ကွန်ကရက်ပါတီခေါင်းဆောင်များက မဟာဗျူဟာလုပ်ငန်းများ ချမှတ်ရန် စည်းဝေးသတင်း၊ အိန္ဒိယညွန့်ပေါင်းအစိုးရအဖွဲ့ နုတ်ထွက်၊ ဒုတိယအကြိမ်မြောက် ရွေးကောက်ပွဲကျင်းပရဦးမည်သတင်း၊ ခုနစ်မွှာပူးကလေးများ ကျန်းမာရေးအခြေအနေကောင်းမွန်သတင်းတွင် သတင်းအပြည့်အစုံအား ထူးခြားမှုအနေဖြင့် တင်ပြလိုပါတယ်။ အမေရိကန်နိုင်ငံ၊ အိုင်ဟိုဝါပြည်နယ်၌ ခုနစ်မွှာပူးမွေးဖွားခဲ့သော မိဘနှစ်ပါးတို့က အမေရိကန်နိုင်ငံတစ်ဝန်း ကျေးဇူးတော်နေ့ဆင်နွှဲအပြီး၌ ကျေးဇူးတင်၍မဆုံးပင် ရှိနေကြသည်။ မွေးဖွားခဲ့သော ခုနစ်မွှာပူးကလေးများအားလုံးတို့မှာ ယခုအခါ အသက်ရှုနိုင်စွမ်းရှိလာပြီဟု ကျန်းမာရေးဆရာဝန်တို့က ဆိုကြသည်။ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လာပြီဟု ဆေးရုံတာဝန်ခံတို့က ပြောဆိုသည်။ ထိုခုနစ်မွှာပူးကလေးတို့အနက် နောက်ဆုံးအဖြစ် လေပေးစက်ပေးထားခြင်းကို ရပ်စဲနိုင်ပြီဖြစ်ကြောင်း ၎င်းတို့က ဖော်ပြကြသည်။ ထိုခုနစ်မွှာပူးတို့ကို အချိန်ကိုးပတ်စောစော၍ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်က မွေးဖွားခဲ့ခြင်း ဖြစ်သည်။ ထိုရင်သွေးငယ်တို့အား အကြောတွင်းမှ အာဟာရဓာတ်ပေးသွင်းနေရဆဲဖြစ်ရာ ၎င်းတို့အား ဇန်နဝါရီလကုန်အစောဆုံးဆေးရုံမှ ဆင်းခွင့်ပြုဖွယ်ရှိသည်ဆိုသောသတင်းကို ဖော်ပြပေးအပ်ပါတယ်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အီရန်အသင်းခြေစစ်ပွဲအောင်သတင်း၊ တရုတ်နှင့် ကနေဒါ ဆက်ဆံရေးကောင်းမွန်တိုးတက် တရုတ်သမ္မတကြီး ကျန်ဇီမင်း ထုတ်ဖော်ပြောကြားအစရှိတဲ့ သတင်းများ ဖော်ပြထားပါတယ်။

စာမျက်နှာ(၃) ခေါင်းစဉ်များအနေနဲ့ကတော့ မန္တလေးစက်မှုဇုန်(၂) မြေနေရာ၊စံပြစက်မှုမြို့သစ် ပြခန်းနှင့် အရောင်းဆိုင်ဆောက်လုပ်မှုစစ်ဆေး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ် လွန်းမောင် လိုအပ်သည်များမှာကြားသတင်း၊ အမေနေ့ ပန်းချီဓာတ်ပုံပြိုင်နိုင်သတင်း၊ အရိုန်ပြင်းပြင်းမောင်းနှင်လာသည့်ကား ကျုံးထဲထိုးကျ၊ အချိန်မီကယ်ဆယ်လိုက်၍ ယာဉ်မောင်းသူ အသက်မသေသတင်း အစရှိသည်တို့ ဖော်ပြပါရှိပါသည်။

စာမျက်နှာ(၄) ခေါင်းစဉ်များအနေဖြင့် အယ်ဒီတာအာဘော်တွင် လူသားစွမ်းရည်အရင်းအမြစ်ပေါ်ထွက်ရေး နှီးနှောဖလှယ် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး နည်းလမ်းကောင်းရရှိ၊ သတင်းခေါင်းစဉ်များအနေနဲ့ ကြက်ခြေနီလုပ်ငန်း ပြည်သူသိအောင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်၊ စည်းကမ်းလိုက်နာရေး တိုးချဲ့စည်းရုံးသတင်း၊ မွေးနေ့အထိမ်းအမှတ် ကျောင်းသုံးစာအုပ်များ လှူဒါန်း၊ ကုသိုလ်တော်ဘုရားအတွင်း အထူးသန့်ရှင်းရေးကျင်းပ၊ ဒုတိယရဲအုပ်သင်တန်းသားများ ပါဝင်လုပ်အားပေးသတင်း၊ မူလတန်းကျောင်းကလေးများအက၊သီချင်းဆို၊ပုံပြော၊ကဗျာရွတ်နှင့်ပန်းချီပြိုင်သတင်း၊ ထပ်မံ၍ မန်းစည်ပင်လူငယ်အသင်း၊မကွေးလူငယ်အသင်းကိုနိုင် အဆိုပါသတင်းကို ဖော်ပြပေးလိုပါတယ်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဦးစီးကျင်းပသော အသက်(၂၁)နှစ်အောက် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဒုတိယအုပ်စုပတ်လည်ပြိုင်ပွဲ(ကက)အုပ်စုတွင် မန်းစည်ပင်လူငယ်နှင့် မကွေးလူငယ်တို့ ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက် ညနေက ရန်ကုန်အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ မန်းစည်ပင်အသင်းက ၃ဂိုး၊ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။အစရှိသည့် သတင်းများဖြင့် မန္တလေးနေ့စဉ်သတင်းစာအား ဝေဝေဆာဆာ ထုတ်ဝေခဲ့ပါတယ်။**(ဆက်လက်ဖော်ပြပါမည်။)**





## တက်စလာကုမ္ပဏီအမှုဆောင်အရာရှိချုပ် အီလွန်မတ်စ် ဒေါ်လာ ၆၅ ဘီလီယံ လစာခံစားခွင့် ထပ်မံပယ်ချခြင်းခံရ

**ဝါရှင်တန် ဒီဇင်ဘာ ၃**

တက်စလာလျှပ်စစ်ထုတ်လုပ်ရေးကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် အီလွန်မတ်စ်အနေဖြင့် အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံ လစာခံစားခွင့် ထပ်မံပယ်ချခြင်းခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယခုနှစ်စောစောပိုင်း ဇန်နဝါရီလကတည်းက ချမှတ်ခဲ့သော စီရင်ချက်အတိုင်း ဆက်လက်ကျင့်သုံးသွားမည်ဟု ဒီလာဝဲလ်ပြည်နယ်တရားသူကြီး ကက်သလင်းမက်ကော်မစ်က မြွက်ဟကြေညာခဲ့သည်။

ကုမ္ပဏီမဲများကို တရားသူကြီးများနှင့် မသက်ဆိုင်စေဘဲ အစုရှယ်ယာပိုင်ဆိုင်သူများက ထိန်းချုပ်သင့်သည်ဟု အီလွန်မတ်စ်က ၎င်း၏ အိတ်ခ်စ်လူမှုကွန်ရက်တွင် ရေးသားလွှင့်တင်ကာ အဆိုပါကြေညာချက်ကို တုံ့ပြန်ခဲ့သည်။

၂၀၁၈ ခုနှစ်ကတည်းက ရရန်ရှိသော လစာများကို တစ်ပေါင်းတည်း ရယူခံစားရန် အီလွန်မတ်စ်က ကြိုးစားသော်လည်း မတန်တဆ များလွန်းနေသည်ဟု ဆိုကာ တရားရုံးကတားဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## ဗြိတိန်အခြေစိုက် ဂျာဂွါဇိမ်ခံကားထုတ်လုပ်ရေးကုမ္ပဏီ အနာဂတ်လျှပ်စစ်ကားစိတ်ကူးသစ်ကို မိတ်ဆက်ပြသ

**လန်ဒန် ဒီဇင်ဘာ ၃**

ဗြိတိန်အခြေစိုက် ဂျာဂွါဇိမ်ခံကားထုတ်လုပ်ရေးကုမ္ပဏီက အနာဂတ်လျှပ်စစ်ကားစိတ်ကူးသစ်ကို မကြာသေးမီက မိတ်ဆက်ပြသခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဗီဒီယိုရိုက်ကူးတင်ဆက်ပြီး အင်တာနက်လူမှုကွန်ရက်ပေါ်သို့ လွှင့်တင်ခဲ့ရာမှ ယခုအခါ ကြည့်ရှုသူ သန်းနှင့်ချီ မြင့်တက်နေပြီဟု ဆိုသည်။



ဗြိတိန်ဈေးကွက်တွင် နိဝင်ဘာလက ဂျာဂွါလန်းရိုဗာကားအသစ်ကို အရောင်းရပ်တန့်ခဲ့ပြီးနောက် လျှပ်စစ်ကားထုတ်လုပ်တော့မည်ဆိုသော သတင်းပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

လာမည့် ၂၀၂၆ ခုနှစ်တွင် ထွက်ပေါ်လာမည်ဆိုသော ထိုလျှပ်စစ်ကားစိတ်ကူးသစ်သည် စိတ်ကူးသာရှိသေးပြီး လုံး၀အကောင်အထည်မပြနိုင်သေးသဖြင့် ဝေဖန်မှုများလည်း မြင့်တက်နေကြောင်း သိရသည်။

**Mon**

## ရယူထားသောငွေများ၏ ၇၅ ရာခိုင်နှုန်း ပြန်ပေးနိုင်လျှင် အိမ်ခြံမြေသူဌေး ထရောင်မိုင်လန်း အသက်ရှင်ခွင့်ရမည်

**ဟနွိုင်း ဒီဇင်ဘာ ၃**

ဗီယက်နမ်နိုင်ငံရှိ အသက် ၆၉ နှစ်အရွယ် နာမည်ကျော် အမျိုးသမီး အိမ်ခြံမြေသူဌေး ထရောင်မိုင်လန်းအနေဖြင့် သေဒဏ်စီရင်ချက်ကို လျှော့ပေါ့ပေးရန် ဟနွိုင်းတရားရုံးတွင် လျှောက်လဲချက်တင်ခဲ့သော်လည်း ဒီဇင်ဘာ ၃ ရက်တွင် ပယ်ချခြင်းခံခဲ့ရသည်။

တစ်နိုင်ငံလုံးတွင် ပဌမမြောက်အကြီးဆုံးဖြစ်သော ဆိုင်ဂုံစီးပွားရေးဘဏ်ကို နောက်ကွယ်မှ ၎င်းချုပ်ကိုင်ကာ ချေးငွေများထုတ်ယူပြီး အလွဲသုံးစားပြုလုပ်ခဲ့ရာ ၁၀ နှစ်ကျော်အတွင်း အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံအထိ ရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါချေးငွေအနက်မှ ၎င်းအနေဖြင့် ဒေါ်လာ ၁၂ ဘီလီယံသာ အလွဲသုံးစားပြုခဲ့သည်ဟု တရားရုံးက နောက်ဆုံးတွက်ချက်သတ်မှတ်ကာ ၎င်းအသက်ရှင်ခွင့်ရလိုပါက ၇၅ ခိုင်နှုန်းဖြစ်သော ဒေါ်လာ ၉ ဘီလီယံပြန်ပေးနိုင်ရမည်ဟု စီရင်ဆုံးဖြတ်ခဲ့သည်။

ငယ်စဉ်က ဈေးထဲတွင် မိခင်နှင့်အတူ အလှကုန်ပစ္စည်းရောင်းခဲ့ရသောဘဝမှ အိမ်ခြံမြေသူဌေးဖြစ်လာခဲ့သော ထရောင်မိုင်လန်းအနေဖြင့် သတ်မှတ်ကာလအတွင်း ထိုငွေပြန်ပေးနိုင်ခဲ့လျှင် ထောင်ဒဏ်တစ်သက်သို့ လျှော့ပေါ့ခံစားခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

**Mon**



## ကိုဗစ် ၁၉ ရောဂါ ဖြစ်ပွားစေသော ပိုင်းရပ်စ်ပိုးမွှား ဓာတ်ခွဲခန်းထဲမှ ယိုစိမ့်ထွက်လာခြင်းဖြစ်နိုင်


**ဝါရှင်တန် ဒီဇင်ဘာ ၃**

ကိုဗစ် ၁၉ ရောဂါဖြစ်ပွားစေသော ဆားစ်ကိုဗီတူးဗိုင်းရပ်စ်ပိုးမွှားသည် ဓာတ်ခွဲခန်းထဲမှ ယိုစိမ့်ထွက်လာခြင်းဖြစ်နိုင်သည်ဟု အမေရိကန်ကွန်ဂရက်လွှတ်တော်ကော်မတီက အစီရင်ခံတင်ပြလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

စာမျက်နှာ ၅၂၀ ပါရှိသော အဆိုပါအစီရင်ခံစာကို သက်ဆိုင်ရာ ပညာရှင်များ၏ အကူအညီဖြင့် နှစ်နှစ်ကြာအချိန်ယူပြီးရေးသားခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသာမက တစ်ကမ္ဘာလုံးကို အခြားကပ်ရောဂါကျရောက်လာနိုင်သည့် အခြေအနေနှင့်ပတ်သက်၍ ကြိုတင်ခန့်မှန်းနိုင်စေမည့် အစီရင်ခံစာဖြစ်ကြောင်း သိရသည်။

**Mon**



## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



ဒီဇင်ဘာ ၂ ရက်က တူရကီနိုင်ငံ အီစတန်ဘူလ်မြို့တော်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဆီးရီးယားအစိုးရတပ်ဖွဲ့များဘက်မှ အင်အားဖြည့်တင်းပေးရန် အီရတ်လက်နက်ကိုင်များ ဝင်ရောက်လာကြသည်ဟု ဆီးရီးယားအတိုက်အခံခေါင်းဆောင် ဟာဒီအယ်လ်ဘာဟရာ ထုတ်ဖော်ပြောကြားစဉ်။ **Mon**

## ဟစ်ဇဘိုလာဘက်က မော်တာဖြင့် ပစ်ခတ်ပြီးနောက် နယ်စပ်လုံခြုံရေး အစ္စရေး တိုးမြှင့်ဆောင်ရွက်

**ဂျေရုဆလင် ဒီဇင်ဘာ ၃**

လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ ဒီဇင်ဘာ ၂ ရက် ညပိုင်းက အစ္စရေးလေယာဉ်များ ဗုံးကြဲတိုက်ခိုက်ရာ လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့သည်။

ဟစ်ဇဘိုလာဘက်က မော်တာဖြင့် တစ်ကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့သော်လည်း အခြေအနေ ပြန်လည်ငြိမ်သက်သွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းကဲ့သို့ ဟစ်ဇဘိုလာဘက်က ပစ်ခတ်ပြီးနောက် နယ်စပ်တစ်လျှောက် အစ္စရေးတပ်ဖွဲ့များ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ယာယီအပစ်အခတ်ရပ်စဲမှုပျက်ပြယ်တော့မည်ကို စိုးရိမ်နေကြောင်း သိရသည်။

**Mon**



## ဩစတြေးလျ သားသတ်လုပ်ငန်းများအပေါ် ပိတ်ပင်မှု တရုတ်နိုင်ငံက ရုပ်သိမ်းပေးလိုက်သဖြင့် အားရဖွယ်ဖြစ်

**ကင်ဘာရာ ဒီဇင်ဘာ ၃**

ဩစတြေးလျသားသတ်လုပ်ငန်းများအပေါ် ပိတ်ပင်မှုကို တရုတ်နိုင်ငံဘက်က ရုပ်သိမ်းပေးလိုက်သဖြင့် အားရဖွယ်ဖြစ်သည်ဟု ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ်က ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်က ပိတ်ပင်ထားသော သားသတ်လုပ်ငန်း ၁၀ ခုစလုံးကို တရုတ်နိုင်ငံဘက်က အမဲသားတင်ပို့ရန် ပြန်လည်ခွင့်ပြုလိုက်သဖြင့် ဩစတြေးလျနိုင်ငံရှိ နိုင်ငံခြားတင်ပို့သူများ၊ ထုတ်လုပ်သူများနှင့် လယ်သမားများအတွက် သတင်းကောင်းပင်ဖြစ်ကြောင်း ဝန်ကြီးချုပ် အယ်လ်ဘာနီးစ်က ထုတ်ဖော်ပြောကြားသည်။

တရုတ်နိုင်ငံသည် ဩစတြေးလျမှ အမဲသားတင်သွင်းသော ကမ္ဘာ့ဒုတိယအကြီးဆုံးဈေးကွက်ဖြစ်ရာ တစ်နှစ်လျှင် အမဲသား မက်ထရစ်တန်ပေါင်း ၂၀၀၀၀၀ ခန့် တင်သွင်းခဲ့ရသည်။

တရုတ်နိုင်ငံက အမဲသားတင်သွင်းမှုပိတ်ပင်ထားသော ကာလအတွင်း ဩစတြေးလျနိုင်ငံက အမေရိကန်နှင့် ဂျပန်နှစ်နိုင်ငံကို အမဲသားအများဆုံးတင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

**Mon**

## မျက်နှာသုတ်တဘက်၊ ကိုယ်သုတ်တဘက်နှင့်စောင်များကို မှိုနှင့်ရောဂါပိုးများကင်းစင်အောင် ပုံမှန်လျှော်ဖွပ်သင့်

လူအများစုအနေဖြင့် အရေပြားကျန်းမာရေးကို အလေးအနက်မထားဘဲ အမှုမဲ့အမှတ်မဲ့ဖြစ်ရာမှ လျစ်လျူရှုနေမိတတ်ကြသည်။



မျက်နှာအပါအဝင် ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးလွှမ်းထားသော နုနယ်ပါးလွှာသည့်အရေပြားသည် လူတို့၏အသွင်အပြင်ကို ပေါ်လွင်စေသဖြင့် ထိုအရေပြားကျန်းမာအောင် ဂရုစိုက်သင့်သည်ဟု အရေပြားပညာရှင်များက အကြံပြုကြသည်။

အရေပြားကျန်းမာရေးသည် မျက်နှာသုတ်တဘက်၊ ကိုယ်သုတ်တဘက်၊ စောင်များ၏သန့်ရှင်းမှုနှင့် တိုက်ရိုက်ဆက်နွှယ်နေသဖြင့် ၎င်းတို့၌မှိုနှင့်ရောဂါပိုးများကင်းစင်အောင် ပုံမှန်လျှော်ဖွပ်သင့်သည်ဟု ဩစတြေးလျတောင်ပိုင်းတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ရီတိုင်းဗင်တာ မကြာသေးမီက အကြံပြုခဲ့သည်။

မျက်နှာသုတ်၊ ကိုယ်သုတ်တဘက်များကို သုံးလေးရက်လျှင် တစ်ကြိမ် စောင်များကို တစ်ပတ်လျှင်တစ်ကြိမ်မျှ လျှော်ဖွပ်သင့်ကြောင်း သိရသည်။ SCI



## Seventeen မှ Seung Kwan က အနုပညာရှင်များသည် အသုံးချခံပစ္စည်းမဟုတ်ဟု ပြောကြားထား

လက်ရှိတောင်ကိုရီးယား အနုပညာလောကမှ ပြဿနာကြီးငယ်များနှင့် ရှုပ်ထွေးနေရာမှ HYBE က SM,YG နှင့် JYP အနုပညာရှင်များကို ဝေဖန်ထား၍ ဆဲဗင်တင်းနမ်မှ ဆောင်ကွမ်က အနုပညာရှင်များသည် အသုံးချခံပစ္စည်းများမဟုတ်ဟု တရားဝင်ပြောကြားသွားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆဲဗင်တင်းနမ်မှ ဆောင်ကွမ်က သူ့ခံစားချက်ကို ထုတ်ဖော်ရာတွင် အနုပညာသမားအချင်းချင်း ထိခိုက်နာကျင်အောင် လုပ်နေကြသည်ကို မမြင်လိုကြောင်း၊ တိတ်တဆိတ်သည်းခံရန်ကြိုးစားခဲ့သော်လည်း နှုတ်ပိတ်မနေနိုင်ကြောင်း၊ အိုင်ဒေါလ်တစ်ဦးဖြစ်ရန် အကောင်းဆုံးကြိုးစား၍ ပရိသတ်ကို တတ်စွမ်းသရွေ့ပေးဆပ်ချင်သည့် စိတ်သာရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ကျေးဇူးပြု၍ အိုင်ဒေါလ်များကို အထင်မသေးရန်၊ စိတ်တိုင်းကျလုပ်ချင်သလိုလုပ်ရန် အသုံးချခံပစ္စည်းများမဟုတ်ကြောင်း၊ စင်ပေါ်တင်ဆက်ရန် ပေးဆပ်ရသူများဖြစ်ကာ အချင်းချင်းဖျက်ဆီးပါက အရှုံးပေးပျောက်ကွယ်သွားနိုင်၍ တာဝန်မယူနိုင်ဘဲ နာကျင်ခံစားအောင်လုပ်ခြင်းကို ရပ်တန့်ရန် လေးလေးနက်နက် မျှော်လင့်မိကြောင်း ထပ်မံပြောကြားခဲ့သည်။

SKY

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Queen Woo ဒရမ်မာ ၂၀၂၄ ခုနှစ် အညွှန့်ဆုံးစာရင်းဝင်ခဲ့

၂၀၂၄ ခုနှစ်အတွက် အညွှန့်ဆုံး ကိုးရီးယားဒရမ်မာဇာတ်ကားများ စာရင်းကို Joy 24News က နှစ်စဉ်အနုပညာရပ်ဝန်းမှ ဝန်ထမ်း အယောက်နှစ်ရာကို မဲစနစ်နှင့် စစ်တမ်းကောက်ရွေးချယ်ခဲ့ရာ Queen woo မှာ အညွှန့်ဆုံးဒရမ်မာဇာတ်ကားစာရင်းဝင်ခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစစ်တမ်းနှင့် မဲရလဒ်များအရ Queen woo က (၃၉)၊ The Escape of the seven (၃၇)၊ Beauty And Mr Romantic ၂၈နှင့် Love Next Door က ၁၃ ရရှိခဲ့ကြပြီး အညွှန့်ဆုံးဖြစ်ခဲ့ကြသည်။

ဆက်လက်၍ Gyeongseong Creature 2 က (၉) Sweet Home 3 က (၈) နှင့် Red Swan, Korea Khitanwar က (၆) ရရှိထားပြီး ပရိသတ်များ ခန့်မှန်းထားသည့်အတိုင်း ဇာတ်လမ်း၊ ဇာတ်ညွှန်းအားနည်းခဲ့သော ဒရမ်မာဇာတ်ကားများဖြစ်ခဲ့သည်။

SKY

## BTS မှ Jung Kook ဂီတစံချိန်သစ်များနှင့်အတူ Grammy တွင်ဆုစာရင်းဝင်ထား

ဘီတီအက်စ်အဖွဲ့ဝင် ဂျွန်ဂျောင်ဂုသည် ထွက်ရှိထားသော တစ်ကိုယ်တော် ဂီတခွေများနှင့် ဂီတစံချိန်သစ်များ တင်ခဲ့ပြီး ဂရမ်မီဆုပေးပွဲတွင်လည်း ဆန်ခါတင်စာရင်းဝင်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

ဂျောင်ဂု၏ Seven သည် ဆယ်စုနှစ်အတွင်း Global Spotify တွင် ဖယားအများဆုံး Stream ရရှိသည့် ကိုးပုဒ်မြောက် သီချင်း ဖြစ်ခဲ့သည်။

၂၀၂၄ ခုနှစ် Melon Music Award (2024 MAMA) တွင်လည်း Top10 (Bonsang) အတွက် စာရင်းဝင်ခဲ့ကာ အမေရိကန်ဂီတချပ်တွင် နံပါတ်နှစ်၊



ဂျက်စတင်ဘီဘာနှင့်အတူ Spotify, YouTube,Tunes, Melon, Genie, Bugs စသည်တို့တွင် နံပါတ်တစ်နေရာရရှိထားပြီး အကျော်ကြားဆုံး တေးဂီတပညာရှင်အဖြစ်သတ်မှတ်ခံရသည်။

ဘီတီအက်စ်အဖွဲ့ဝင် အာရ်အမ်၊ ဂျေဟုတ်၊ ဂျီမင်၊ ဗွီနှင့် ဂျောင်ဂုတို့ ဂီတအယ်လ်ဘမ်များ ၂၀၂၄ ခုနှစ် Grammy ဆုစာရင်းတွင် ဆန်ခါတင်ပါဝင်နေကြသည်။

SKY

o-o-o-o-o-o-o



## Kajol ပါဝင်ထားသည့် DoPalli မှာ မျက်နှာနှစ်ဖက် ဇာတ်ကားသစ်ကြီး ဖြစ်

နက်ဖလစ်မှ အသစ်ထွက်ရှိလာသည့် မျက်နှာနှစ်ဖက်ရုပ်ရှင်တွင် ကိုးနှစ်ကြာမှ ကာဂျိုးလ်ပါဝင်ထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ၂၀၁၅ ခုနှစ် Diwale အပြီး ကိုးနှစ်ကြာမှ ကာဂျိုးလ်နှင့် မင်းသမီးကရီတီဆန်နွန်တို့အတူ ပါဝင်ထားကြသည်။

စရိုက်နှစ်မျိုးနှင့် ကရီတီဆန်နွန်က သရုပ်ဆောင်ထားကာ ကာဂျိုးလ်က တည်ငြိမ်ရင့်ကျက်သည့် အင်စပက်တာအရာရှိအဖြစ် မြင်တွေ့ရမည့် ၂၀၂၄ခုနှစ် ထွက်ရှိလာသည့် ဇာတ်ကားဖြစ်သည်။

အမြွှာညီမနှစ်ဦးကြား ဖုံးကွယ်ထားသည့် လျှို့ဝှက်ချက်များကို ဖော်ထုတ်တင်ပြသွားမည့်ဇာတ်ကားဖြစ်ကာ၊ ကာဂျိုးလ်၏ပီပြင်သော အနုပညာရသများကို မြင်တွေ့ကြရ၍ ပရိသတ်အားပေးမှုရရှိထားသည်။

SKY

## Jeong Nyeon: The Star Is Born ကြည့်ရှုနှုန်းတိုးမြင့်ခဲ့

တောင်ကိုရီးယား ဂန္ထဝင်ရိုးရာတေးဂီတနှင့် ရုပ်ပြအခြေခံ ပုံဖော်ထားသည့် Jeong Nyeon: The Star is Born မှာ အပိုင်း(၁) မှစ၍ ဆက်တိုက်ကြည့်ရှုနှုန်း တိုးမြင့်ခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါဇာတ်ကားတွင် ပါဝင်ခဲ့သော အနုပညာရှင်များအားလုံး ဂန္ထဝင်ရိုးရာတေးဂီတကို ကိုယ်တိုင်သီဆိုထားကြပြီး အပေးအယူမျှတခဲ့ကြကာ အဓိကမင်းသမီးကင်တေရီနှင့် သူငယ်ချင်းဖြစ်သူများအဖြစ် သရုပ်ဆောင်ထားသည့် ဘိုနာနှင့် ရှင်ရီအန်းတို့မှာလည်း ပရိသတ် အားပေးမှုရရှိထားကြသည်။

SKY



## Deepika Padukone က Padmaavat တွင် ဆီမီးခွက်နှင့်ကခဲ့

နာမည်ကျော်ရုပ်ရှင် Padmaavat တွင် မင်းသမီး ဒီပီကာပါဒူဝမ်က ဆီမီးခွက်ကိုကိုင်၍ကခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မင်းသမီး ဒီပီကာပါဒူဝမ်သည် ဇာတ်ဝင်ခန်းတိုင်းကို လူစားမထိုးဘဲ ကိုယ်တိုင်ပါဝင်ခဲ့ရာမှ Padmaavat ၏ အောင်မြင်မှုမှာလည်း သူမတစ်ဖြစ်ခဲ့သည်။

ဘောလိဝုဒ်မင်းသမီးတစ်ဦးအတွက် အဆို၊ အကမှာ မစိမ်းသော်လည်း ဆီမီးခွက်ကိုင်ကကရာတွင် မီးစာထည့်ထား၍ လှုပ်ရှားတိုင်း မီးငြိမ်းခဲ့သဖြင့် အထူးပြုလုပ်ထားသည့် မီးခွက်နှင့် ကခဲ့ရသည်။

ဒီပီကာပါဒူဝမ်က တစ်ချိန်လုံးလက်အပူခံခဲ့ရာမှ ရိုက်ကူးရေးပြီးစီးချိန်တွင် လက်အပူလောင်သွား၍ ဆယ်ရက်တစ်ပတ်လောက် ဆေးကုရန်အတွက် အနားယူခွင့်တောင်းခဲ့ရသည်။

SKY

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်...

❖ စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်...

❖ တစ်ဦးချင်း အသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို...

❖ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို...

❖ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အားလုံးအကျုံးဝင်ပါဝင်နိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ကျန်ရစ်နေသည်မျိုးမရှိအောင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် အားပေးဆောင်ရွက်ကြရမည်

နေပြည်တော် ဒီဇင်ဘာ ၃

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်း အနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။

## တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ကြေညာချက်

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ( ၄ )ရက်

၂၀၂၅ ခုနှစ်၊ မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည် ဖြစ်ပါသည်-

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁ | ၂ | ၃ |
| ၁၇-၃-၂၀၂၅ တနင်္လာနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | မြန်မာစာ |
| ၁၈-၃-၂၀၂၅ အင်္ဂါနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | အင်္ဂလိပ်စာ |
| ၁၉-၃-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | သင်္ချာ |
| ၂၀-၃-၂၀၂၅ ကြာသပတေးနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | ဓာတုဗေဒ/ပထဝီဝင် |
| ၂၁-၃-၂၀၂၅ သောကြာနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | ရူပဗေဒ/သမိုင်း |
| ၂၂-၃-၂၀၂၅ စနေနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | ဇီဝဗေဒ/ဘောဂဗေဒ |

## စီရော်နယ်လ်ဒို Youtube သမိုင်းတစ်လျှောက် Subscribers သန်း ၇၀ အမြန်ဆုံး ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်

အောင်မြင်မှုများစွာ ရယူပိုင်ဆိုင်ထားနိုင်ခဲ့သည့် ပေါ်တူဂီ လက်ရွေးစင်အသင်းနှင့် အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် Youtube သမိုင်းတစ်လျှောက် Subscribers သန်း ၇၀ အမြန်ဆုံးပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ်လည်း ပိုင်ဆိုင်ခဲ့သည်။




အဆိုပါ တိုက်စစ်မှူးသည် Facebook X ၊ Instragram နှင့် Youtube လေးခုပေါင်းတွင် ၁ ဘီလီယံပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ်ကိုလည်း ပြီးခဲ့သည့် အောက်တိုဘာလကတည်းက ရယူထားနိုင်ခဲ့ပြီး ဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် Youtube Channel အား ပြီးခဲ့သည့် ဩဂုတ် ၂၂ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီးနောက် Subscribers သန်း ၇၀ အမြန်ဆုံးပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကစားသမားဘဝ

စာမျက်နှာ ၈ သို့ ❍